# ကြေးမုံ
The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ စနေနေ့။ Saturday, 21 May 2022 ၁၀၇၄၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ် ဦးဆောင် သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA) အဖွဲ့ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ



**ပန်းတိုင်းပွင့်၍ ပွင့်ဆဲပန်းတိုင်း လန်းကြပါစေ**


ဆောင်းပါး စာမျက်နှာ » ၆


**အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များကို Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးသင့်**


စာမျက်နှာ » ၁၃


**လေ့လာစရာ အင်္ဂလိပ်စာ**


စာမျက်နှာ » ၂၀၊ ၂၁


**ပြည်ပနိုင်ငံများသို့ ခရီးသွားသူများအတွက် အာဆီယံနိုင်ငံများ အသိအမှတ်ပြု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထားမှတ်တမ်း(COVID-19 Vaccination Electronic Certificate) ကို ထုတ်ယူကြပါစို့**


ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထာဝရငြိမ်းချမ်းရေးတက်လှမ်း

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင်ပဋိပက္ခများမှာ ယနေ့ထက်တိုင်အောင် အဆုံးမသတ်နိုင်သေးဘဲ ရှိနေသေးသည်။ ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး ယခု ၂၀၂၂ ခုနှစ်သည် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့သို့ ကျရောက်ခဲ့ပြီးဖြစ်သည်။ ညီညွတ်ရေး၊ လွတ်လပ်ရေးမှတ်တိုင်ဖြစ်သည့် စိန်ရတုကာလတွင် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ရာ ငြိမ်းချမ်းရေးကို လိုလားကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်အတူ ငြိမ်းချမ်းရေးပန်းတိုင်သို့ အရောက်တက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် လွတ်လပ်ရေး၏ အသီးအပွင့်များ၊ ဒီမိုကရေစီ၏အနှစ်သာရများကို အားလုံးတန်းတူညီမျှ မခံစားကြရချေ။ အချို့တိုင်းရင်းသားပြည်သူများမှာ လက်နက်ကိုင်ပဋိပက္ခများကြားတွင် ဒုက္ခဆင်းရဲကြုံတွေ့လျက်ရှိပြီး တိုင်းပြည်မငြိမ်းချမ်းသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို တန်းတူရရှိနိုင်ခြင်းမရှိသေးချေ။ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးကို မဖြစ်မနေရရှိနိုင်ရန် အားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးရရှိရန်အတွက် အဓိကအချက်နှင့်ပတ်သက်၍ "တကယ်ငြိမ်းချမ်းရေးလိုချင်လို့ရှိရင် ငြိမ်းချမ်းရေးလိုချင်တဲ့စိတ်နဲ့လာကြဖို့ရယ်၊ ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှာ ဒီမိုကရေစီတကယ်မှန်မှန်ကန်ကန် ဖြစ်ချင်တယ်ဆိုလို့ရှိရင် ဒီမိုကရေစီလိုချင်တဲ့ဆန္ဒရယ်၊ ပြည်ထောင်စုအတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် ကျွန်တော်တို့ရည်မှန်းချက်ပန်းတိုင်ကို ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်မယ်ဆိုတဲ့အမြင် ရှိတယ်ဆိုရင်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုရင် ဒီငြိမ်းချမ်းရေး ဆွေးနွေးပွဲသည် မအောင်မြင်စရာ အကြောင်းမရှိဘူးလို့ ကျွန်တော်တော့မြင်ပါတယ်"ဟု မေလ ၁၂ ရက်နေ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နိုင်ငံတော်အလံ တစ်ခုတည်းအောက်မှာရှိသည့် နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသမှာမဆို နေထိုင်ကြသည့် ပြည်သူလူထုတစ်ရပ်လုံး၏ တစည်းတလုံးတည်းသော စိတ်ဓာတ်ဖြစ်သည်။ တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုး တန်ဖိုးထားပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းဆိုသည့် ဝံသာနုရက္ခိတတရားအပေါ်တွင် အခြေခံပြီး တည်ဆောက်သွားမည်ဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ခြင်းဖြစ်သည်။ အကယ်၍ ပြည်ထောင်စုစိတ်ဓာတ် ခေါင်းပါးနေမည်ဆိုလျှင် တိုင်းပြည်အတွက် အန္တရာယ်ရှိနေမည်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးကို ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ တိုင်းပြည်အတွက် အထူးလိုအပ်နေသော ငြိမ်းချမ်းရေးကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ငြိမ်းချမ်းရေးကို ပြည်သူများ၏ ဆန္ဒနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသတစ်ခုတည်း၏ အကျိုးစီးပွား၊ အုပ်စုတစ်ခုတည်း၏ အကျိုးစီးပွားတစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုလျှင် ပြည်သူများ၏ ဆန္ဒနှင့်မကိုက်ညီဘဲ ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေမည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် ပြည်တွင်းအရေးဖြစ်ပြီး ပြည်ပမှ ပါဝင်စွက်ဖက်နေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးမှာ ခက်ခဲနေမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးကို အဓိကသက်ဆိုင်ကြသည့် ပြည်တွင်းအားများဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာ ဆုံးဖြတ်ကြရမည်ဖြစ်သည်။ ပြည်တွင်းညီညွတ်ရေးအင်အားဖြင့် ငြိမ်းချမ်းရေးပန်းတိုင်သို့ ရောက်အောင်တက်လှမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးအတွင်း ရေးအစဉ်အဆက် အတူတကွမှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် အားလုံးကိုယ်စီကိုယ်စီတွင် ပြည်ထောင်စုစိတ်ဓာတ်များ ထားရှိမွေးမြူကြကာ တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့်၊ မျှော်လင့်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်သို့ မရောက်ရောက်အောင် တက်လှမ်းကြပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၀/၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**(၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထိန် အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

---

## အင်းတော်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

အင်းတော် မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်ခင်ကျေးရွာအုပ်စု အင်းရွာကျေးရွာ တောင်သူဦးတင်ငွေ၏ နွေစပါးစံပြကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။



အဆိုပါ နွေစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ အင်းတော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးမင်းသူလွင်၊ အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းခိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးတင်ကိုဦး၊ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြသည်။

အင်းတော်မြို့နယ်အနေဖြင့် လုံးသွယ်မွေးစပါးစံကွက် ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၈၂ တင်း ထွက်ရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် နွေစပါး ၇၉၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အေးမြသက်ထား

---

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၂၄၆ | ၁,၈၆၉,၆၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၄၇၄ | ၁,၂၅၅,၈၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁,၀၆၇ | ၈,၃၂၂,၆၀၀ |
| FPB | ၁၇,၅၀၀ | ၁၈,၀၀၀ | ၂၉၀ | ၅,၀၇၉,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၃၅၀ | ၈၉၂,၅၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၀ | ၁၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၅၆.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၆.၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၉၀၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၃၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၅၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၀၇.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၂.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၄.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၅.၈၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

---


ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်ဖက်အမြင်တူညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA) အဖွဲ့ဥက္ကဋ္ဌကလည်း ယင်းကိစ္စများနှင့် ပတ်သက်၍ သဘောထားအမြင်တူညီချက်များအား ပြန်လည်ဆွေးနွေးခဲ့ပြီး အဖွဲ့များအားလုံး တွေ့ဆုံပြီးစီးသည့်အချိန်တွင် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များဆောင်ရွက်ရာ၌ အချိန်ဇယား(Time Frame)ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားမည့်အခြေအနေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA) အဖွဲ့ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA) အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA)အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ်တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နေပြည်တော်တွင် နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်းကို အချိန်မီပြီးစီးရေး သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်ပေးစေလို

နေပြည်တော် မေ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု မှတ်ပုံတင်စာရင်းပုံစံ နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ပြောကြား

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) နှင့် လူတစ်ဦးချင်းအား ထုတ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မှတ်တမ်းတင်စာရင်းပုံစံ နိုင်-၄ ကို အသုံးပြုပြီး အပြန်အလှန်စစ်ဆေးနိုင်ရေးအတွက် IT နည်းပညာဖြင့် စာရင်းသွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်းကို အချိန်မီပြီးစီးရေးနှင့် မှန်ကန်မြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်နိုင်ရေး နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်းဆိုင်ရာနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်က နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်း လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေသည့် အခြေအနေများအား ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က တင်ပြဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၆ / ၂၀၂၂) ကျင်းပ



**နေပြည်တော် မေ ၂၀**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်နိုင်၊ ဒေါက်တာသက်သက်ခိုင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်းအဝေးအမှတ်စဉ် (၅ /၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးအေးထွန်း၊ ဒေါက်တာအောင်ကြီး၊ ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှတင်ပြလာကြသည့် အမှာစာကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ ဆက်လက်တင်ပြရန်ကိစ္စရပ်များနှင့် ကော်မတီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကို အတည်ပြုသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်တို့က တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ ယခင်အစည်းအဝေးများတွင် ကော်မတီဝင်များက တင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်ပါ ဆောင်ရွက်ရန်ကိစ္စများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဦးဇော်ဝင်း၊ ဦးမင်းထိန်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရန်ကုန်မြို့ (၅၂) လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အောင်ဆန်းပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံတို့တွင် အဋ္ဌမတန်းကျောင်းသုံးစာအုပ်ဖြစ်သော မြန်မာစာ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယပညာစာအုပ်များ ပုံနှိပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဂျီတီစီပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ကျောင်းသုံးစာအုပ်များ သက်ဆိုင်ရာဒေသများသို့ မြန်ဆန်လွယ်ကူစွာ ပို့ဆောင်နိုင်ရန် အရေးကြီးကြောင်း၊ ပုံနှိပ်လုပ်ငန်းများ အရည်အသွေးမီစွာဖြင့် ထုတ်လုပ်နိုင်မှုနှင့်အတူ စက်ပိုင်းဆိုင်ရာများ ကြံ့ခိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူ အကျိုးရှိစေပြီး နည်းပညာရရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို လက်တွဲခေါ်ယူရန်လိုအပ်ကြောင်း မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကြေးမုံသတင်းစာတိုက်သို့ရောက်ရှိပြီး စာတည်းဌာန၊ စာပြင်ဌာန၊ ကွန်ပျူတာခန်း ၊ စီမံ / ငွေစာရင်းရုံးခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒီမိုကရေစီစနစ်တွင် မီဒီယာကဏ္ဍသည် အလွန်အရေးပါပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်ရာတွင် အရေးကြီးကြောင်း၊ MRTV ကို ခေတ်နှင့်လျော်ညီသော၊ နုပျိုသစ်လွင်သော၊ ပြည်သူများစိတ်ဝင်စားမည့် အစီအစဉ်ကောင်းများ စီစဉ်ထုတ်လွှင့်နိုင်ရေး ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသည့် နိုင်ငံပိုင်သတင်းစာများကလည်း ပြည်သူများအား သတင်းအမှန်များ သိရှိစေရန်နှင့် ခေတ်စနစ်နှင့်လျော်ညီသည့် တင်ဆက်မှုများဖြင့် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **သတင်းစဉ်**



# ရွှေကျင်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ရွှေကျင် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအား နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရွှေကျင်မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာဒေါ်ရီရီဝင်းက ချေးငွေစည်းကမ်းသတ်မှတ်ချက်နှင့် ချေးငွေမူစနစ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ခြေတော်ရာကျေးရွာအုပ်စုမှ တောင်သူ ၆၈ ဦး၏ လယ်ဧက ၄၁၀ အတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၁၅၀၀၀၀၀ ကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအေးချမ်းအောင်၊ အဖွဲ့ဝင် ဦးကျော်တိုးနှင့် တာဝန်ရှိသူများက တောင်သူတစ်ဦးချင်းစီ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ၂၀၂၂ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုနေ့လယ်စာစားပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၀

၂၀၂၂ ခုနှစ် (၅၇)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုနေ့လယ်စာစားပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။




**အောင်မြင်စွာကျင်းပနိုင်ခဲ့**

ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီ ၂၂ ရက်မှ ၂၈ ရက်ထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြပွဲကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရာတွင် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သဖြင့် ပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များသည် အဓိက အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ယခုပြပွဲမှ အားသာချက်၊ အားနည်းချက်တို့ကို ဖော်ထုတ်၍ နောင်ကျင်းပမည့် ရတနာပြပွဲများတွင် လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကိုယ်စား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အရာထမ်း/အမှုထမ်း ၄၅၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဖောင်ကြီးသမဝါယမကောလိပ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တို့တွင် ပညာသင်ကြားနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမတက္ကသိုလ်၊ ကောလိပ်များ၌ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ်ရှိ ဖောင်ကြီးသမဝါယမကောလိပ်သို့ ရောက်ရှိပြီး ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ပထမနှစ် သင်တန်းတက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို လည်းကောင်း၊ တက္ကသိုလ်မှ သင်တန်းနည်းပြ ဆရာ ဆရာမများ Capacity Building and Training of Trainer on Pedagogy သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)တွင် ဆရာ ဆရာများ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် သင်ကြားမှုနည်းပညာသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ရာ ပြည်ထောင်စုဝန်ကြီးက သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများကို တောင်ကြီး၊ မကွေး၊ မော်လမြိုင်၊ ပုသိမ်နှင့် မန္တလေးမြို့များတွင် ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အခြေခံပညာ အဋ္ဌမတန်း အောင်မြင်သူများ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းကာလ နှစ်နှစ်ဖြစ်ပြီး Certificate လက်မှတ်များချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းအောင်မြင်သူများ အနေဖြင့် သမဝါယမကောလိပ်များသို့ ဆက်လက်ပညာသင်ကြားခွင့်ရရှိမှာဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့ သင်တန်းကျောင်းများသို့ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအား လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ကြရန်နှင့် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်များကို ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်မှုအနုပညာလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးစေရန်၊ တိမ်ကောပပျောက်မှုမရှိစေရန်၊ မြန်မာ့လက်မှုအနုပညာ ယဉ်ကျေးမှုများ ရေရှည်တည်တံ့စေရန်၊ ရိုးရာလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန်၊ နိုင်ငံတစ်ဝန်းမှာရှိသည့် လက်မှုအနုပညာများကို တစ်နေရာတည်းမှာ လေ့လာနိုင်ရန်၊ မြန်မာ့လက်မှုထည်များ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဈေးကွက်မြှင့်တင်ပေးရန်၊ အိမ်တွင်း တစ်ပိုင်တစ်နိုင် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားရှိသော မြန်မာ့လက်မှုအနုပညာစင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

## (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ကြီး မေ ၂၀

(၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားနှင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဖျက်ဆီးနိုင်ခဲ့**

ညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခုလို အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများကို နှစ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၂ သန်းကျော်၊ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁ သန်းကျော်၊ ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၃ သန်းကျော်၊ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၉ သန်းကျော်၊ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော်၊ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၆၅၁ သန်းကျော်၊ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅၁ ဒသမ ၅၃၇၈ သန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖျက်ဆီးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဇွန် ၂၆ ရက်မှာ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို ယခင်နှစ်များနည်းတူ ကျင်းပသွားမည်ဖြစ်ပြီး အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးပေးကြရန် ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ရှမ်းပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ အတွင်းရေးမှူး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုတို့က ဆွေးနွေးတင်ပြကြပြီး အခမ်းအနားဖြစ်မြောက်ရေးအတွက် တက်ရောက်လာသည့် ဌာနဆိုင်ရာဆပ်ကော်မတီများမှ လုပ်ငန်းတာဝန်အလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❖

# ပန်းတိုင်းပွင့်၍ ပွင့်ဆဲပန်းတိုင်း လန်းကြပါစေ

**မိဘတိုင်းက မိမိတို့၏ ရင်နှစ်သည်းချာ ရင်သွေးငယ်များကို ပန်းကလေးတွေအဖြစ် တင်စားကြသည်သာ။ အဖိုးထိုက်ဆုံးရတနာအဖြစ်လည်း အမွှမ်းတင်ကြသည်။ ပန်းများလို တန်ဖိုးထား၍ အလှဆုံးဖူးပွင့်အောင် ဂရုတစိုက်ပြုစုပျိုးထောင်ပေးကြသည်။ တန်ဖိုးမြင့်ရတနာသဖွယ် သဘောထား၍ မပျောက်ပျက်၊ မပျက်စီး အောင် ထိန်းသိမ်းစောင့်ရှောက်ပေးကြသည်။**

ဒေါက်တာမြတ်မိုး

ကိုယ်ပြုစုစိုက်ပျိုးပေးသော ပန်းတိုင်းကို ပွင့်စေချင်ပြီး ပွင့်သောပန်းတိုင်းလည်း လန်းစေချင်သည်မှာ စိုက်ပျိုးသူမိဘတိုင်း၏ ဆန္ဒဖြစ်မည်ထင်သည်။ ဆရာ ဆရာမတိုင်း၏ ဆန္ဒလည်း ထိုနည်းတူပင်။ ကိုယ်ချစ်သော သားသမီးကဲ့သို့ ပညာသင်ပေးရသော ကိုယ့်တပည့်တိုင်းကို ပန်းကလေးလို ပွင့်စေချင်၊ လန်းစေချင်၊ ရတနာတစ်ပါးလို အမြတ်တနိုး တန်ဖိုးထားချင်ကြသည်မှာ မိဘတိုင်းဆရာသမားတိုင်း၏ ပြင်းပြသော ဆန္ဒများပင် ဖြစ်ပါသည်။



## အနာဂတ်အတွက်

နိုင်ငံတော်အနေဖြင့်လည်း ထို့အတူပင် ဖြစ်ပါသည်။ လိမ္မာယဉ်ကျေးသော၊ ပညာတတ်သော၊ ပညာတော်သော အနာဂတ်၏ ကြယ်ပွင့်လေးများအဖြစ် လှလှပပ အလင်းဆောင်သည်ကိုသာ မြင်လိုမည်ဖြစ်သည်။ မိဘဆရာသမားကောင်းနှင့် ပြည်သူတို့ကလည်း မိမိတို့ စုပေါင်းပြုစုပျိုးထောင်ပေးလိုက်သော လူငယ်မျိုးဆက်တို့ကိုသာလျှင် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော အနာဂတ်ပြည်ထောင်စုကြီးအတွက် အာမခံချက်ကောင်းတစ်ခုအဖြစ် မြင်လိုကြပေလိမ့်မည်။

ယခုကာလတွင် ကျွန်တော်တို့အားလုံးအတွက် ပညာဖြင့် ဖန်တီးထားသော ပတ်ဝန်းကျင်ကောင်းတစ်ခု လိုအပ်နေသည့်အတွက် မိဘ၊ ဆရာ၊ ကျောင်းသား ဒေါက်တိုင်သုံးချဖြင့် ကောင်းမွန်သော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ရန် အားယူနေကြရပါသည်။ မိဘ၊ ဆရာဟူသည် ယနေ့ကလေးသူငယ်တို့အတွက် အနီးစပ်ဆုံး အတုယူရမည့်သူများ ဖြစ်သင့်သည်။

အတုမြင်အတတ်သင်စ လူငယ်လူရွယ်များအတွက် မိဘနှင့်ဆရာသည် ပညာအရာတွင် စံနမူနာပြပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ထို့ကြောင့် ပညာကို အပတ်တကုတ် ကြိုးစားသင်ယူကြရန်မှာ ယနေ့ မိဘ၊ ဆရာများအပေါ်တွင် အဓိကတာဝန်ရှိနေသလို နိုင်ငံတော်နှင့် ပြည်သူဘက်ကလည်း အေးချမ်းသာယာစွာဖြင့် ပညာသင်ကြားနိုင်ရေး ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကွပ်ကြပ်မတ်ရန်၊ လိုအပ်သော ဖြည့်ဆည်းပံ့ပိုးပေးရမည့်အပိုင်းမှာ ကူညီဖြည့်ဆည်းပေးရန် တာဝန်ရှိပါသည်။ မိဘ၊ ဆရာ၊ ပြည်သူ သုံးဦးသုံးဖလှယ်ကား ပညာပြည့်ဝနှလုံးလှသူများစွာ ပေါ်ထွန်းလာရေးတွင် အဓိကဖန်တီးရှင်များအဖြစ် မှတ်ယူရပေမည်။

## ပညာမပြည့်ဝမှု၏ သက်ရောက်မှု

ယခုကာလတစ်ခုမှာ ကျွန်တော်တို့ဝန်းကျင်တွင် ပညာမပြည့်ဝမှု၏ သက်ရောက်မှု ဒဏ်ရာဒဏ်ချက်ကို အနည်းနှင့်အများ ခံစားနေကြရသည်။ အသိအလိမ္မာများ အားနည်းလာကြပြီလားမသိ။ အကောင်းအဆိုး ပိုင်းခြားဝေဖန်နိုင်ခြင်း ရှိမှု၊ မရှိမှု၏ သက်ရောက်မှု အဆိုးအကောင်းကို ကြုံတွေ့နေရသည်။ ယဉ်ကျေးသိမ်မွေ့မှုနေရာမှာ ကြမ်းတမ်းခက်ထန်မှုတို့ နေရာယူနေပြီး ပျော်ရွှင်ချမ်းမြေ့မှုထက် ပူလောင်သောကဖြစ်မှုက ပိုကဲနေသလားခံစားမိသည်။

အချို့သားသမီးအရွယ် လူရွယ်လူမမည်များ မိဘ၊ ဆရာ၊ လူကြီးသူမများ၏ ပြောဆိုဆုံးမမှုကို နာယူရန် ခက်ခဲနေတတ်သည်။ ကျေးဇူးရှင်ကို ကျေးဇူးမသိတတ်၊ ပြင်းထန်သော တုံ့ပြန်မှုများဖြင့် ကျေးဇူးဆပ်ရန် ဝန်လေးနေတတ်ကြသည်။ တစ်ခါတစ်ရံ ဆုံးမသူဘက် ကိုယ်တိုင်ကပင် စံပြဖြစ်ရမည့် အစား အတွေးအခေါ်၊ အပြောအဆို အပြုအမူက အရိုအသေမတန် ကပြောင်းကပြန်ဖြစ်နေသည်ကိုလည်း အချိုးမကျတွေ့ရပြန်သည်။

## ပညာ၏တန်ဖိုး

လူ့အဖွဲ့အစည်းတစ်ခုမှာ ပညာတတ်၊ ပညာရှင်၊ ပညာရှိသူတို့၏ တန်ဖိုးသည် ကြီးမားသည့် အလျောက် သူတို့မရှိသည့်အခါ ပို၍သိသာသည်။ သာမန်အသိက မရေရာ၊ မသေချာ၊ အဆိုးမြင်သံသယကိုသာ မွေးဖွားတတ်ပြီး ဝေဖန်ပိုင်းခြားဆင်ခြင်နိုင်စွမ်းဟူသည့် ပညာအသိကသာလျှင် မိမိ မိသားစုအတွက်ရော မိမိအသိုင်းအဝိုင်းအတွက်နှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်ပါ အကျိုးပြုနိုင်စွမ်းပိုရှိသည်မှာ ထင်ရှားပါသည်။ ပဋိပက္ခကြီးတစ်ခုလုံးကို လျော့ပါးအောင် လုပ်နိုင်စွမ်းပြီး ငြိမ်းချမ်းအောင်လည်း ဖန်တီးနိုင်စွမ်းရှိသည်မှာ ပညာဆိုသောအရာသာလျှင် ဖြစ်ပါသည်။

ဆိုလိုသည်မှာ ပညာတန်ဖိုးကြီးမားပုံကို မျှဝေလို၍ဖြစ်သည်။ ဉာဏ်ပညာရှိမှုဖြင့်သာ ကိုယ့်ကိုယ်ကိုယ်ရော အခြေအနေအားလုံးအပေါ်မှာပါ မှန်မှန်ကန်ကန်သုံးသပ်နိုင်မည်ဖြစ်ပြီး ကိုယ်က သူတစ်ပါး၏ အစည်းရုံးမခံရဘဲ ကိုယ်ကသာ အများကို စည်းရုံးနိုင်မည်ဖြစ်သည်ကို ယနေ့ခေတ်မိဘများ၊ စာသင်ခန်းဝင်မည့်သူများ အထူးသတိရစေလိုပါသည်။ ယနေ့လူတော်တော်များများက မောဟအားကြီးနေကြသည်ထင်သည်၊ လုပ်သင့်သည်ကို မလုပ်ဘဲ မလုပ်သင့်သည်ကို လုပ်ကြသည်က များသည်။ ထို့ကြောင့် မဖြစ်သင့်သည်များဖြစ်နေကြရသည်ကို သတိပြုသင့်ပါသည်။

မောဟ၏ ဆန့်ကျင်ဘက်သည် ပညာဖြစ်သည်ကို မမေ့အပ်၊ မောဟအားကြီးသူသည် မာန်မာနလည်း တက်နေတတ်သည်။ မောဟစေစားရာနောက်တွင် အမှောင်ပိတ်၍ အမြင်ဝေဝါးနေတတ်သည်။ ရိုသေလေးစားကြည်ညိုမှုနှင့် ဂါရဝတရား၏ ဆန့်ကျင်ဘက်သည် ခက်ထန်ကြမ်းတမ်းသော စိတ်ဓာတ်၊ ထောင်လွှားတက်ကြွသော မာန်မာနဖြစ်သည်ကို သတိပြုစေချင်သည်။ ထိုထိုမကောင်းသော စိတ်ထားများကို ပညာနည်းသူတို့ထံတွင် ပို၍တွေ့ရလေ့ရှိသည်။ ထို့ကြောင့် ပညာကို ကြိုးစားသင်၊ လက်တွေ့နှင့်ပေါင်းစပ်ကာ အလေ့အကျင့်များများလုပ်ပြီး ပညာတတ်ဖြစ်အောင်လုပ်စေချင်သည်။

**သုတစုံပြီး ထပ်ခါထပ်ခါ သိနားလည်လာ၍ အတွေ့အကြုံများလာပြီဆိုပါက၊ အမှားအမှန် ခွဲခြားနိုင်ပြီဆိုပါက ပညာရှင်ဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်နိုင်ပြီဖြစ်သည်။ အရာရာ ပညာက ရှေ့ဆောင်သွားလျှင်တော့ ပညာပေါ် ပညာဆင့်ကာ အမှန်များလာပြီး အမှားလည်း နည်းလာမည်သာ ဖြစ်သည်။ လူကတော်ရုံသာမဟုတ် ကောင်းလည်း ကောင်းသည့် လူတော်လူကောင်းတစ်ယောက်အဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အရွယ်ကောင်းတုန်းမှာ ပညာရှာထားကြရန်နှင့် အရွယ်လွန်မှဆိုလျှင်တော့ ပညာနှင့်လည်းဝေး အပယ်ဘေးသာ တွေ့ရန် များနိုင်သည်ဟုသာ ဆိုရပါတော့မည်။**

## ပညာဝေးသူနှင့်ပညာသင်ခွင့်ရသူအကြား ကွာဟချက်ကား ကြီးလှသည်

ယနေ့ခေတ်လူငယ်လူရွယ်များကို ကောင်းစေလို၍ ဆုံးမပဲ့ပြင် လမ်းညွှန်နိုင်စွမ်းများသူမှာ မိဘဆရာသမားများသာ ဖြစ်သည်ကို အနီးစပ်ဆုံး တွေ့ရသည်။ အချိန်ရှိခိုက် စာသင်ခန်းနှင့် ဝေးသော ကလေးများသည် ပညာရှိနှင့်လည်း ဝေးရပြီး ပညာတတ်များထံမှလည်း ပညာသင်ကြားခွင့်မရ၊ ပြောဆိုအဆုံးအမကိုလည်း နားမဝင် နာခံခွင့်မရ နစ်နာလွန်းလှသည်။ ပညာရှင်နှင့် မနီးစပ်သောကလေးသည်ကား အမှားအမှန် မခွဲခြားတတ်၊ အတွေးမှား အမြင်မှား၊ အမှားသာများ၍ နှောင်းသွားလျှင် နောင်တတရားသာ ရတတ်သည်၏နောက်တွင် အခြားမရှိသည်ကို မိဘဆရာသမားများ အထူးသတိချပ်သင့်ပါသည်။

ငယ်စဉ်အခါ ပညာကို သင်ခွင့်ရ၊ အသုံးချခွင့်လည်းရပြီး အတွေ့အကြုံကြွယ်ဝသူတို့ကား သုံးသပ်ဆင်ခြင်မှု အားကောင်းကြသည်၊ အမှားအမှန်ကို ခွဲခြားသိမြင်ပြီး အကောင်းအဆိုးလည်း ဝေဖန်ပိုင်းခြားနိုင်ကြသည်။ ဆိုဆုံးမရလွယ်ကူပြီး မိဘဆရာသမားကို ရိုသေလေးစားဂါရဝမြဲ၍ ကျေးဇူးရှင်များအဖြစ် မြင်ကြသည်။ ဘာသာတရား အဆုံးအမတွင် ပျော်မွေ့ပြီး ကုသိုလ်၊ အကုသိုလ်ယှဉ်၍ ခွဲခြားသိနားလည်စွမ်းရှိကာ ကံလည်းကောင်းတတ်ကြသည်၊ ယဉ်ကျေးမှုကို လွယ်လွယ်ကူကူ အတိုက်စားမခံဘဲ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှု နည်းနိုင်သမျှ နည်းအောင် နေနိုင်ကြသည်။ ကိုယ်ပိုင်ဆင်ခြင်ဉာဏ်ကြောင့် အစွန်းနှစ်ပါးလွတ်အောင် ရှောင်နိုင်ပြီး အလယ်အလတ်မှာ မျှတအောင် နေတတ်သည်မှာ ပညာရှင်၏ သဘောပင်ဖြစ်သည်။

## ကိုယ်ကျင့်တရားအခြေခံသော ပညာသည်သာ The wisdom ဖြစ်ပါမည်

လောကတွင် လူသားများ အမြတ်နိုးဆုံးအရာ၊ လူ့အဖွဲ့အစည်းကြီးက အလိုချင်ဆုံးအရာကို ပြပါဆိုလျှင် ကိုယ်ကျင့်သီလနှင့်ယှဉ်သော ပညာကိုသာ ပြရပေလိမ့်မည်။ ဤနှစ်ပါးကသာ လူ့ဂုဏ်သိက္ခာနှင့် လူ့တန်ဖိုးအပြင် လောကကြီးတစ်ခုလုံးကိုပါ ထိန်းကျောင်းနိုင်၍ ဖြစ်သည်။ သီလ၏တန်ဖိုးနှင့် သီလပျက်ခြင်း၏ ဆိုးကျိုးကို ပညာကသာ ပြဋ္ဌာန်းနိုင်ပြီး သီလကိုအခြေခံပါမှလည်း ပညာသည် မြင့်သည်ထက် မြင့်လာမည်ဖြစ်ပါသည်။

ကိုယ်ကျင့်တရားပါသော ပညာကသာ ယခုဘဝရော၊ နောင်ဘဝရော တစ်သက်လုံးအတွက်ပါ အာမခံချက်ရှိပါသည်။ ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာဟူသည် မျက်စိနှစ်လုံးမပိတ်မီ ရေတိုအတွက်သာဖြစ်၍ ကြာကြာမနေ။ သီလနှင့်တွဲနေသော ပညာတန်ဖိုးဟူသည် ဆုတ်ယုတ်ကျဆင်းသွားသည်မရှိ၊ ထို့ကြောင့် ကျောင်းများ၊ တက္ကသိုလ်များဆိုသည်က ထို့အတွက်ပဲ ရှိနေရခြင်းဖြစ်သည်။ ကျောင်းများက သင်ပေးလိုက်သော ပညာဗဟုသုတကို ကိုယ်ကျင့်တရားနှင့် တွဲဖက်လိုက်မှသာ ကျွန်တော်တို့ ပြောဆိုသုံးနှုန်းနေသော The wisdom ဟူ၍ ဖြစ်ပေမည်။

**သုတစုံပြီး ထပ်ခါထပ်ခါ သိနားလည်လာ၍ အတွေ့အကြုံများလာပြီဆိုပါက၊ အမှားအမှန် ခွဲခြားနိုင်ပြီဆိုပါက ပညာရှင်ဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်နိုင်ပြီဖြစ်သည်။ အရာရာ ပညာက ရှေ့ဆောင်သွားလျှင်တော့ ပညာပေါ် ပညာဆင့်ကာ အမှန်များလာပြီး အမှားလည်း နည်းလာမည်သာဖြစ်သည်။ လူကတော်ရုံသာမဟုတ် ကောင်းလည်းကောင်းသည့် လူတော်လူကောင်း တစ်ယောက်အဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အရွယ်ကောင်းတုန်းမှာ ပညာရှာထားကြရန်နှင့် အရွယ်လွန်မှဆိုလျှင်တော့ ပညာနှင့်လည်းဝေး အပယ်ဘေးသာ တွေ့ရန်များနိုင်သည်ဟုသာ ဆိုရပါတော့မည်**

စာမျက်နှာ ၇ သို့ ■

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”
## အခြေခံပညာကျောင်းများတွင်
## ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ **အခမဲ့ထောက်ပံ့မှုများမှာ**

**(က) သူငယ်တန်း (KG) သင်ရိုးသစ်**

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ကျောင်းဝတ်စုံ(၁)စုံ

**(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် ၈။ ခဲတံ ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(ဂ) ဒုတိယတန်း (Grade 2) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် ၈။ ခဲတံ ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် ၈။ ခဲတံ ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ခဲတံ ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

**(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ကာယပညာ ၈။ အနုပညာ(ပန်းချီ) ၉။ အနုပညာ(ဂီတ) ၁၀။ ဗလာစာအုပ် ၁၁။ ခဲတံ ၁၂။ ကျောင်းဝတ်စုံ(၁)စုံ

**(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ဘောပင် ၁၃။ ခဲတံ

**(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ဘောပင် ၁၃။ ခဲတံ

**(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ဘောပင် ၁၃။ ခဲတံ

**(ည) အဋ္ဌမတန်း (Grade 9) သင်ရိုးဟောင်း**

၁။ မြန်မာကဗျာလက်ရွေးစင် ၂။ မဟော်သဓာဇာတ်တော်ကြီး (ပထမတွဲ) ၃။ မြန်မာသဒ္ဒါ(အတွဲ-၁)၊ အခန်း(၃) ၄။ အင်္ဂလိပ်စာ ၅။ သင်္ချာ(၁) ၆။ သင်္ချာ(၂) ၇။ အထွေထွေသိပ္ပံ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ ဗလာစာအုပ် ၁၁။ ဘောပင် ၁၂။ ခဲတံ

**(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ ဘောဂဗေဒ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ စိတ်ကြိုက်မြန်မာစာ ၁၁။ လူမှုရေးသိပ္ပံ (ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၂။ သိပ္ပံ(ဓာတုဗေဒ+ ရူပဗေဒ + ဇီဝဗေဒ) ၁၃။ ပထဝီဝင် + သမိုင်း ၁၄။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၅။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၆။ ဗလာစာအုပ် ၁၇။ ဘောပင် ၁၈။ ခဲတံ

**(ဌ) ကောဒသမတန်း (Grade 11) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ ဘောဂဗေဒ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ စိတ်ကြိုက်မြန်မာစာ ၁၁။ လူမှုရေးသိပ္ပံ (ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၂။ သိပ္ပံ(ဓာတုဗေဒ+ ရူပဗေဒ + ဇီဝဗေဒ) ၁၃။ ပထဝီဝင် + သမိုင်း ၁၄။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၅။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၆။ ဗလာစာအုပ် ၁၇။ ဘောပင် ၁၈။ ခဲတံ

**မှတ်ချက်။ ကျောင်းဝတ်စုံအား ပညာသင်နှစ်အတွင်း ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။**

---

■ စာမျက်နှာ ၆ မှ

ကျွန်တော်တို့၏ သားသမီးအရွယ် လူငယ်လူရွယ် အများစုအနေဖြင့် **Educated** ဘဝကို ခံယူချင်ကြသူချည်းသာဖြစ်မည်ဟု ယူဆပါသည်။ လူငယ်တိုင်း ဘဝကို တိုးတက်ချင်ကြမည်သာ ဖြစ်သည်။ သို့ဆိုလျှင် ကိုယ့်ကိုယ်ကိုယ် ပညာနှင့်ဝေးပြီး ကိုယ့်ဘဝကို လူညွှန့်တုံးမခံသင့်ကြပေ။ ထို့ကြောင့် အစဉ်အမြဲ **educated** ဖြစ်နေအောင် ကြိုးစားနေသင့်သည်။ အမြဲသင်ယူနေရမည်၊ အစဉ်မှတ်သားနေရမည်။ သင်ယူမှတ်သားသည့်အတိုင်း လက်တွေ့လိုက်နာဆောင်ရွက်နေရမည်ဖြစ်သည်။ ဘယ်လောက်ပင် စာမေးပွဲအောင်အောင်၊ ဘယ်လိုပင် ဘွဲ့ရဘွဲ့ရ လက်တွေ့ မဆောင်ရွက်က လောကကြီးအတွက် အချည်းနှီးပင်ဖြစ်သည်မှာ ပညာ၏ သဘောပင်ဖြစ်သည်။

### ပေးတတ်ယူတတ်မှသာ ပညာအပေါ် ပညာဆင့်နိုင်ပါမည်

ဤတွင် မိဘဆရာသမားကောင်းများအနေဖြင့် မိမိတို့ တပည့်၊ သားသမီး၊ နောက်လိုက် နောက်ပါများကို အမြဲပြောဆိုဆုံးမတတ်သည့် သတိပေးချက်လေးတစ်ခုကို ထောက်ပြချင်သည်။ “လုပ်သင့်တာလုပ်ဖို့နှင့် မလုပ်သင့်တာကို မလုပ်ဖို့”၊ “မှန်တာကို လုပ်ဖို့နှင့် မှားတာကိုမလုပ်မိစေဖို့”၊ “လုပ်ပြီးအကျိုးအပြစ်ကို စဉ်းစားတတ်ဖို့” နှင့် “အစွန်းနှစ်ပါးကို ရှောင်တတ်ဖို့”ပဲ ဖြစ်သည်။

**Educated** အပေါ်မှာ ဆင်ခြင်တုံတရားကို အခြေခံသည့် အထက်ပါ ဆောင်ရန်၊ ရှောင်ရန် သဘောများကို ပေါင်းစပ်လိုက်သည့်အခါ ရလာမည့် **wisdom** “ပညာရှိ စဉ်းစားဉာဏ်” ကို ပညာတန်ဖိုးနားလည်သည့် မိဘကောင်း၊ ဆရာသမားကောင်းတို့ကသာ လမ်းညွှန်ပြသပေးနိုင်ပြီး ပညာယူလိုစိတ်ရှိသည့် တပည့်သားသမီးများကသာ အကျိုးရှိရှိ ရယူနိုင်ပါလိမ့်မည်။ အမှန်မူလကတည်းကပင် လောကမှာ လုပ်သင့်တာနှင့် မလုပ်သင့်တာ၊ ရှောင်သင့်တာနှင့် ဆောင်သင့်တာ နှစ်မျိုးပဲရှိသည်ဖြစ်၍ ဒီနှစ်မျိုးကိုပဲ ခွဲခြားသိမြင်ပြီး မလုပ်သင့်တာကိုမလုပ်ဘဲ လုပ်သင့်တာကို လုပ်နိုင်ပြီဆိုလျှင် ပညာတတ်အဆင့်မှ ပညာရှင်အဆင့်အထိ ရောက်ပါပြီ။ မိဘဆရာသမားကလည်း ကျောက်အရိုင်းတုံးကို အရောင်တင်ပေးတတ်ရန်နှင့် သားသမီးတပည့်များကလည်း အရောင်တင်ပြီး အဖိုးတန်ကျောက်မျက်ဖြစ်အောင် ရယူထိန်းသိမ်းတတ်ရန် ဖြစ်ပါသည်။

### ကိုယ်စီတာဝန်ရှိကြသည်

ပညာ၏တန်ဖိုးကား ကြီးမားများပြားလွန်းလှသည်။ ထို့ကြောင့်လည်း ဤဆောင်းပါးတွင် ပညာပန်းခင်းထဲက ပန်းများအားလုံး ပွင့်လန်းဖြာဝေတင့်တယ်ကြရန်ရည်ရွယ်၍ ပညာ၏တန်ဖိုးကို ဖော်ကျူးထားခြင်းဖြစ်သည်။ ပညာတန်ဖိုးသိမှလည်း ပန်းတိုင်းပွင့်အောင်၊ ပွင့်သောပန်းတိုင်း လန်းအောင် လုပ်နိုင်ကြမည်ဟု ယုံကြည်၍ဖြစ်သည်။ အားလုံးတွင် တာဝန်ကိုယ်စီရှိပြီး တာဝန်ကျေပွန်ကြရန်သာ လိုပါသည်။ နိုင်ငံတော်က ဖန်တီးထားသော လယ်ယာမြေကောင်းတစ်ခုပေါ်တွင် မိမိတို့၏ အနာဂတ်မျိုးဆက် မျိုးစေ့မှန်သမျှကို အကောင်းဆုံးပျိုးကြဲစိုက်ပျိုးပေးဖို့က မိဘ၊ ဆရာ ဆရာမများ၏ တာဝန်၊ သဘာဝဘေးဒဏ်နှင့် အခက်အခဲပေါင်းစုံကို အကောင်းဆုံးတုံ့ပြန်ပြီး ရှန်းကန်လှုပ်ရှား အပင်သန်ဖို့က ကျောင်းသား၏ တာဝန်၊ စိုက်ပျိုးရန် လယ်ယာမြေဖန်တီးပေးဖို့၊ မျိုးကောင်းရဖို့၊ လုံလုံခြုံခြုံ စိုက်ပျိုးနိုင်ဖို့၊ ထွက်လာသည့် သီးနှံများကို လိုအပ်သလို ထိထိရောက်ရောက် ဖြန့်ဖြူးနိုင်ဖို့က နိုင်ငံတော်၏တာဝန် စသည်စသည်ဖြင့် ကိုယ်စီယူရမည့် တာဝန်များရှိနေသည်ဟု ခံယူထားရပါမည်။

**အရေးကြီးဆုံးက မြဲမြံစွာဆုပ်ကိုင်ထားရမည့် အောင်မြင်ခြင်း အကြောင်းတရားများပင်ဖြစ်သည်။ ပညာတတ်ဖြစ်ဖို့ရန် သိချင်တတ်ချင်လွန်းသည့် ဆန္ဒ၊ ဆန္ဒရှိသည့်အတိုင်း ကြိုးစားအားထုတ်လိုသည့် ဝီရိယ၊ အခက်အခဲမှန်သမျှ အောင်မြင်ကျော်လွှားနိုင်ရမည်ဆိုသည့် ကြံ့ခိုင်သည့်စိတ်ဓာတ်၊ အခက်အခဲကို ဘယ်လိုဖြေရှင်းရမယ်ဆိုသည့် ဆင်ခြင်သုံးသပ်တတ်သည့် ပညာ၊ ယင်းတရားများထဲမှာမှ ပြင်းပြသည့်ဆန္ဒဆိုသည့် တရားတစ်ခုက ပိုပြီး အရေးကြီးဆုံး မဟုတ်ပါလား...။**

ယနေ့ကာလလို လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်နေသည့်အချိန်မှာ ပညာတတ်များပေါများလာရန် အားလုံးတွင် တာဝန်ရှိနေပါသည်။ ထို့ကြောင့် မိမိတို့ ပြုစုပျိုးထောင်နေသော ပညာရေးပျိုးခင်းထဲက ပန်းလေးများအားလုံး လန်းဆန်းဝေဖြာနိုင်ကြပါစေဟူ၍သာ စေတနာအား မေတ္တာထား၍ ဆန္ဒမွန်တစ်ခုပြုလိုက်ရပါသည်။ ။

> **“ကျွန်တော်တို့၏ သားသမီးအရွယ် လူငယ်လူရွယ် အများစုအနေဖြင့် Educated ဘဝကို ခံယူချင်ကြသူချည်းသာဖြစ်မည်ဟု ယူဆပါသည်။ လူငယ်တိုင်း ဘဝကို တိုးတက်ချင်ကြမည်သာဖြစ်သည်။ သို့ဆိုလျှင် ကိုယ့်ကိုယ်ကိုယ် ပညာနှင့်ဝေးပြီး ကိုယ့်ဘဝကို လူညွှန့်တုံးမခံသင့်ကြပေ။ ထို့ကြောင့် အစဉ်အမြဲ educated ဖြစ်နေအောင် ကြိုးစားနေသင့်သည်။ အမြဲသင်ယူနေရမည်၊ အစဉ်မှတ်သားနေရမည်။ သင်ယူမှတ်သားသည့်အတိုင်း လက်တွေ့လိုက်နာဆောင်ရွက်နေရမည်ဖြစ်သည်။ ဘယ်လောက်ပင် စာမေးပွဲအောင်အောင်၊ ဘယ်လိုပင် ဘွဲ့ရဘွဲ့ရ လက်တွေ့မဆောင်ရွက်က လောကကြီးအတွက် အချည်းနှီးပင်ဖြစ်သည်မှာ ပညာ၏ သဘောပင်ဖြစ်”**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက် တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



**ရန်ကုန် မေ ၂၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့(ပထမနှစ်)သင်တန်းကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ တက်ရောက်လာကြသည့် သစ်လွင်ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲအခမ်းအနားကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၊ Learning Hub ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက် ပါမောက္ခများ၊ မော်ကွန်းထိန်းများ၊ အဆောင်မှူးများနှင့် သစ်လွင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍကို တိုးတက်အောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာဆည်းပူးရခြင်းဖြင့် ဆရာအတတ်ပညာများနှင့် အဓိကဘာသာရပ်ကြီးများ ပူးပေါင်းထားသော ခေတ်မီသင်ရိုးများကို သင်ယူရရှိနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ခေတ်မီပေါင်းစပ်ပညာရေးကို သင်ယူနိုင်ခြင်းအားဖြင့် မဝေးသောအနာဂတ်တွင် အရည်အသွေးရှိသော သင်ကြား၊ သင်ယူမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် ဆရာ ဆရာမများ အမှန်တကယ်ဖြစ်လာတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်ပင်အရေးကြီးလှကြောင်း၊ ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းရေးသည် ဆရာများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ပေါ်တွင် မူတည်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဘက်စုံအသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် ဆယ့်ငါးသိန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်ထံ ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ မော်ကွန်းထိန်းများနှင့် မိတ်ဆက်ကြပြီး ပညာရေးဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်တို့မှ ပါမောက္ခ(ဌာနမှူး)များက ဘာသာရပ်နှင့် ပတ်သက်၍လည်းကောင်း၊ မော်ကွန်းထိန်းမှ သင်တန်းရေးရာနှင့်ပတ်သက်၍လည်းကောင်း မိတ်ဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် သစ်လွင်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် AGTI ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိ

**နေပြည်တော် မေ ၂၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများကို မေ ၁၂ ရက်မှစတင်၍ ပုံမှန်ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိရာ AGTI ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



**ဆောင်ရွက်ပေးလျက်ရှိ**

ယခုကဲ့သို့ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် AGTI သင်တန်းများကို ကိုဗစ်-၁၉ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေးနှင့် “တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် လိုက်နာဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး စီစဉ်ဆောင်ရွက်မှု အခြေအနေဆန်းစစ်ပုံစံ (Readiness Assessment Checklist)” များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီး လိုအပ်သော အခြေခံအဆောက်အအုံများဖြစ်သည့် စာသင်ခန်း၊ လက်တွေ့ခန်း၊ အလုပ်ရုံနှင့် ကျောင်းသားဆောင်များ ဖြည့်ဆည်းပေးခြင်း၊ သင်ကြားသင်ယူမှုအတွက် စက်ပစ္စည်းများ၊ လက်တွေ့ခန်းသုံးပစ္စည်းများ ဖြည့်ဆည်းထားရှိခြင်း၊ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ဖွင့်လှစ်လျက်ရှိသည့် အစိုးရနည်းပညာကောလိပ်လေးကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ၂၂ ကျောင်းတို့၌ ကျောင်းအလိုက် မြို့ပြအင်ဂျင်နီယာသင်တန်း၊ အီလက်ထရွန်နစ်အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာသင်တန်း၊ စက်မှုအင်ဂျင်နီယာသင်တန်း၊ သုတနည်းပညာသင်တန်း၊ စက်မှုလုပ်ငန်းအင်ဂျင်နီယာသင်တန်း၊ စက်မှုလယ်ယာနည်းပညာသင်တန်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာသင်တန်း၊ စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာသင်တန်းတို့ကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ဖွင့်လှစ်ဆဲသင်တန်းများ၏ ကျောင်းအပ်လက်ခံနောက်ဆုံးနေ့ရက်ကိုလည်း မေ ၃၁ ရက် အထိ တိုးချဲ့ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လက်တက်ရောက်နိုင်မည်**

AGTI ဒီပလိုမာ သုံးနှစ် သင်တန်းအောင်မြင်စွာ ပြီးဆုံးပါက သင်တန်းဆင်းများအနေဖြင့် အင်ဂျင်နီယာ ကျွမ်းကျင်အဆင့်ဆိုင်ရာ အလုပ်အကိုင်များကို စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ၌ Technician Level အဆင့် အင်ဂျင်နီယာကျွမ်းကျင်ပညာရှင်အဖြစ် လွယ်ကူစွာ ဝင်ရောက်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် သင်တန်းသားများ၏ ပညာရည်ထူးချွန်မှုအလျောက် နိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်များမှ ပို့ချလျက်ရှိသည့် အင်ဂျင်နီယာဘွဲ့ (B.E) သင်တန်းများနှင့် အစိုးရနည်းပညာကောလိပ်များတွင် ဖွင့်လှစ်မည့် အင်ဂျင်နီယာနည်းပညာဘွဲ့ (B.Tech) သင်တန်းများသို့ သတ်မှတ်ထားသည့် ဝင်ခွင့်စံသတ်မှတ်ချက်များနှင့် ပြည့်မီပါက ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံသို့ အလှူငွေလှူဒါန်း

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံ ကျင်းပရန်အတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ (ဗိုလ်ချုပ်ကြီး မဟာသရေစည်သူ စိုးဝင်း) - ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ)သားသမီးမြေးများမိသားစုက အလှူငွေကျပ် သုံးသိန်း၊ ဒလ မြို့နယ် စာရေးဆရာအသင်းက အလှူငွေကျပ် တစ်သိန်း၊ ရွှေပြည်သာ မြို့နယ် စာရေးဆရာအသင်းက ငွေကျပ်ငါးသောင်း၊ ဒေါက်တာမြင့်ခိုင် (ဥက္ကါညို)၊ကျောက်တံတားမြို့နယ်စာရေးဆရာအသင်းနှင့် ဦးစံမောင် (စိန်ဂျွန်းစံမောင်)ပန်းဘဲတန်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ၃၀၀၀၀ စီ၊ ဦးစိုးအောင်(သုတေသီ စိုးအောင်) မြိတ်မြို့နယ်က စီဒီချပ်များ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အသင်းအတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်း



(မောင်စိမ်းနောင်-လယ်ဝေး)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

အုတ်တွင်း မေ ၂၀

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့်ဝန်ထမ်းများက ကလေးငယ်



များအား အသိပညာဗဟုသုတရရှိစေရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပဲခူးလမ်းရပ်ကွက်နှင့် ခင်တန်းကျေးရွာများသို့ မိုဘိုင်းမော်တော်ယာဉ်ဖြင့် ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ခင်ခင်မာက ကလေးငယ်များအား စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။ ကလေးများကာယဉာဏစွမ်းရည်များ ဖွံ့ဖြိုးစေရေး၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေရေး၊ တစ်ဦးနှင့် တစ်ဦးချစ်ခင်ရင်းနှီးမှုများရရှိစေရေး ရည်ရွယ်ကာ ရုပ်ပုံစာအုပ်၊ စက္ကူ ပြဇာတ်ဖြင့်ပုံပြင်ပြောပြခြင်း၊ ဘုတ်ပြားပြဇာတ် ဖြင့်ပုံပြင်ပြောပြခြင်းများဆောင်ရွက်ခဲ့ပြီး ကလေးငယ်များစာဖတ်သည့် အလေ့အထများရရှိစေရန် စာဖတ်ဝိုင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

သာစည် မေ ၂၀

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက သာစည်မြို့ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။



သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်ပြီး သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသော ဘာသာရပ်များကို ဆန်းစစ်ဖြေဆိုခဲ့ရာတွင် အကောင်းဆုံး ဖြေဆိုနိုင်ခဲ့သော ပထမ၊ ဒုတိယနှင့် တတိယ ရရှိသည့် သင်တန်းသားများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များက သင်တန်းသားများကို စာရေးကိရိယာများပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**

■

## လောက်ကိုင်မြို့၌ ထက်/လယ်/မူ ကျောင်းအုပ်ကြီးများ စွမ်းဆောင်ရည်မြှင့်မားရေး ဆွေးနွေး

လောက်ကိုင် မေ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ထက်/လယ်/မူ ကျောင်းအုပ်ကြီးများ စွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉နာရီခွဲတွင် ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပညာသင်နှစ်အစ ကျောင်းလုပ်ငန်းများဖြစ်သည့် စီမံ/ဘဏ္ဍာ၊ သင်ကြားရေး၊ ပညာရေးလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်မားရေး အကဲဖြတ်လုပ်ငန်းဆိုင်ရာများကို ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ လောက်ကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းကျောင်းအုပ် လေးဦး၊ တာဝန်ခံကျောင်းအုပ် ၁၃ ဦး၊ မူလတန်းကျောင်းအုပ် ၅၈ဦးတို့ တက်ရောက်ခဲ့ပြီး



မေ ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်ကြာဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေစင်ဖြိုး(ပြန်/ဆက်)**

## တို့စာပေ တို့လူမျိုး

❋ သိသင့်တာ သိအောင်ပ
လမ်းညွှန်ပြ ရေးဖွဲ့စီ၊
သုတ.. အဖြာဖြာနှင့်
ရသစာ သီဖွဲ့ရေး
အေးမြဖို့ရည်၊
အမုန်းစကား ခဝါချလို့
နှလုံးသား အာဟာရကို
နှစ်ဖြာမျှ ညီညီ
ရကြမည် ကောင်းကျိုးများ၊
ကလောင်ရှင် သည်လိုတွေး
ရေးဖွဲ့စေသား။

❋ အမှန်ကို ပကတိ
သိရှိဖို့ဦးစွာ၊
စာပြုသူ ဝမ်းစာပြည့်မှ
စာရှုသူ လမ်းရှာတွေ့
မမေ့ကြရာ၊
အသိမှား အဆိပ်စာ
ဖယ်ခွာမှ ခွန်အားရှိ၊
စိတ်ကောင်းတည် စာကောင်းရ
မြတ်လှပါဘိ။

❋ အတိတ်ဆီ မြင်အောင်ကြည့်
ပြည့်သမိုင်း စာမျက်နှာ၊
များပြည်သူ နိုင်ငံ့အကျိုး
သယ်ပိုးခဲ့ပါ၊
နောင်တွင်လည်း သို့နှယ်သာ
တူမကွာ ပြည့်အရေး၊
တို့ကလောင် တို့ဆောင်ထမ်း
လှမ်းကြမယ်လေး။

❋ စာပေကို မြင့်အောင်မြှင့်မှ
လူမျိုးမြင့် ဂုဏ်မြင့်မည်၊
ကလောင်ရှင် စာဆိုများ
စွမ်းအားလိုသည်၊
မင်းအစိုးရ ခေတ်အလီလီ
မလစ်ပြီ မြှင့်တင်ပေး၊
ကလောင်အစွမ်း သာစေ
အခေါင်နန်းမှာ တဝေဝေနှင့်
တို့စာပေ တို့လူမျိုးကို
တို့ခေတ်မှာ တို့သယ်ပိုးလို့
ကြိုးကြမယ်လေး...။

မောင်စိမ်းနောင်(လယ်ဝေး)

(မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကို ကြိုဆိုလျက်)

# ၁၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ မှတ်တမ်း


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**တစ်လလျှင် နှစ်ကြိမ် လျာထား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲများကို ယခုမေလမှစပြီး တစ်လလျှင် နှစ်ကြိမ်ဆောင်ရွက်သွားရန် လျာထားကြောင်း မီဒီယာများကို အသိပေးလိုပါကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲတွင် (တစ်) လတ်တလောဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးကိစ္စရပ်များ၊ (နှစ်)ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ (သုံး) စီးပွားရေးဆိုင်ရာ ကိစ္စရပ်များဖြစ်ပါကြောင်း၊ (တစ်)မှ(သုံး)အထိ မိမိအနေဖြင့် ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေကဏ္ဍဖြစ်ပါကြောင်း၊ မေးခွန်းများမေးသည့်အခါတွင် စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ဖိတ်ခေါ်ခံရသည့် မီဒီယာများအနေဖြင့် မေးခွန်းနှစ်ခုစီ မေးမြန်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ပထမဦးဆုံးအနေဖြင့် လတ်တလောဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီထွန်းကားသည့် နိုင်ငံအများစုတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဆိုသည်မှာ မရှိသလောက်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းခြင်းမရှိဘဲ ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်ရန်ဆိုသည့် စိန်ခေါ်မှုကြီးမားသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ထိုစိန်ခေါ်မှုကြီးသည့်ကိစ္စကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ယူနေသည့် ကာလတာအခိုက်အတန့်အတွင်းတွင် တိုင်းရင်းသားပြည်သူများ၏ အကျိုးကိုရှေးရှုပြီး လက်တွေ့ကျကျ စိတ်စေတနာထားဖော်ဆောင်နေပါကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် တိုင်းပြည်၏ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားပြည်သူများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို တွေ့ဆုံဆွေးနွေးမှုပြုလုပ်မည်ဟု ပြောကြားခဲ့ပါကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအရသာကို ခံစားနိုင်ရန်အတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်သူလူထုအကျိုးကိုရှေးရှုပြီး ငြိမ်းချမ်းရေးကို နှစ်နှစ်ကာကာလိုလားသည့်စိတ်၊ ညီညွတ်စွာပူးပေါင်းဆောင်ရွက်လိုသည့်စိတ်များနှင့် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ကိစ္စရပ်တွင် သဘောထားကြီးကြီးထားပြီး မိမိတို့၏စိတ်ခံစားချက်၊ အတ္တကိုအခြေခံသည့် ထင်မြင်ယူဆချက်များကို ဘေးချိတ်ထားပြီး တစ်ဦးကိုတစ်ဦး၊ တစ်ဖွဲ့ကိုတစ်ဖွဲ့ နားလည်မှုရှိရှိ အပြုသဘောဖြင့် ထိတွေ့ဆက်ဆံ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်အပတ် သတင်းစာရှင်းလင်းပွဲတွင်လည်း ပြောခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က EAO အဖွဲ့များ တစ်ဖွဲ့ချင်းအလိုက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်း ဆိုသည်မှာ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရတောင့်ရခဲအခြေအနေနှင့် အချိန်အခါဖြစ်ပါကြောင်း၊ အဓိကအဆုံးအဖြတ်ပေးနိုင်သူအချင်းချင်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံနိုင်ရန် လမ်းဖွင့်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်ထားရှိသည့် စေတနာ၊ ငြိမ်းချမ်းရေးကို လိုလားသည့် စစ်မှန်သည့် သဘောထားများကို ထင်ထင်ရှားရှားတွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး**

ငြိမ်းချမ်းရေးကို မလိုလားသည့် အဖွဲ့အစည်းတချို့၊ လက်နက်ကိုင်တချို့နှင့် ခေါင်းဆောင်အမည်ခံလူပုဂ္ဂိုလ်အချို့၏ အဖျက်သဘောဆောင်ပြောဆိုမှု၊ လုပ်ဆောင်မှုများကို ဂရုပြုပြီး ငြိမ်းချမ်းရေးလမ်းစဉ်ကနေ သွေဖည်သွားလိမ့်မည်ထင်လျှင် မှားမည်ဖြစ်ပါကြောင်း၊ သတ္တိရှိစွာနှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးရအောင် ဆက်လုပ်သွားမည်ဖြစ်သည့်အတွက် ထပ်လောင်းပြောလိုပါကြောင်း၊ တစ်ချိန်သောကာလတွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအကျိုးအတွက် သဘောထားကြီးစွာ နားလည်ပေးခဲ့သည်ကို အမှတ်ရမိလိမ့်မည်ဟုထင်ပါကြောင်း၊ လိုင်ဇာအဝင်မုခ်ဦးတွင် တပ်မတော်သားများရောက်ရှိနေသည့် မှတ်တမ်းဓာတ်ပုံကို သတိတရနှင့် အမှတ်တရဖြစ်နေအောင် ပြလိုပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ် လက်တွေ့မကျသည့် အကြောင်းပြချက်များ၊ ငြင်းဆန်ချက်များ၊ ကန့်လန့်တိုက်ခြင်းများ၊ ဖျက်လိုဖျက်ဆီးလုပ်လိုမှုများသည် ၎င်းတို့၏ ဒေသခံပြည်သူလူထု၊ ဒေသအကျိုးအပေါ် ရိုးသားဖြောင့်မတ်မှုနှင့် အမှန်ရှိလားဆိုသည်ကို စဉ်းစားစရာကောင်းမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရန်ကမ်းလှမ်းချက်အပေါ် လာရောက်ဆွေးနွေးမည့် အဖွဲ့များသည် NCA လက်မှတ်ရေးထိုးပြီးသည့် DKBA အဖွဲ့၊ KNU–KNLA/PC အဖွဲ့၊ ပအိုဝ်း PNLO အဖွဲ့၊ မွန် NMSP အဖွဲ့၊ ရခိုင် ALP အဖွဲ့၊ ရှမ်း RCSS(SSA) အဖွဲ့၊ လားဟူ LDU အဖွဲ့ စသည့် အဖွဲ့ ခုနစ်ဖွဲ့၊ NCA မထိုးရသေးသည့်အဖွဲ့တွင် UWSA "ဝ" အဖွဲ့၊ NDAA မိုင်းလားအဖွဲ့၊ ရှမ်း SSPP (SSA) အဖွဲ့ စသည့် သုံးဖွဲ့ဖြစ်ပါကြောင်း၊ ထို EAO အဖွဲ့များ၏ ငြိမ်းချမ်းရေး၊ ပြည်သူလူထုအရေးနှင့် ဒေသအကျိုးအပေါ် ထားရှိသည့် စေတနာတရားကို မိမိတို့အစိုးရနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုလေးစားပါကြောင်းကို ဤနေရာမှ အသိပေးပြောကြားလိုပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်က "မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်" "ပြည်ထောင်စုအတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်နဲ့လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် ကျွန်တော်တို့ ရည်မှန်းချက်ပန်းတိုင်ကို ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်မယ်ဆိုတဲ့ အမြင်ရှိတယ်ဆိုလို့ရှိရင်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုလို့ရှိရင် ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မအောင်မြင်စရာအကြောင်းမရှိဘူးလို့" ပြောကြားခဲ့ပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ကောင်းမွန်သည့် ရလဒ်ထွက်ပေါ်လာသည်အထိ ဆွေးနွေးသွားမည်ဟု သန္နိဋ္ဌာန်ချထားပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကူညီသွားကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

**ပြန်ကြားစာများအရ သိရ**

ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး RCSS၊ DKBA နှင့် KNU–KNLA(PC)အဖွဲ့သုံးဖွဲ့မှ ဥက္ကဋ္ဌ၊ ခေါင်းဆောင်အဆင့်တက်ရောက်မည်ဖြစ်ပါကြောင်း၊ NMSP၊ ALP တို့မှ ဥက္ကဋ္ဌများ၏ ကျန်းမာရေးအခြေအနေအရ ဒုတိယဥက္ကဋ္ဌများ တက်ရောက်မည်ဖြစ်ပါကြောင်း၊ PNLO နှင့် LDU တို့မှ တွဲဖက်အထွေထွေအတွင်းရေးမှူးအဆင့်ရှိသူများ တက်ရောက်ကြမည်ဟု ပြန်ကြားထားပါကြောင်း၊ LDU အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ကြားမှုအပေါ် ဥက္ကဋ္ဌကျာခွန်ဆာ လက်မှတ်ရေးထိုးပြီး ဆွေးနွေးရန်အသင့်မဖြစ်သေးသည့်အတွက် တက်ရောက်ခြင်းမပြုဟု မူလက ပြန်ကြားခဲ့ပါကြောင်း၊ ထိုသို့ပြန်ကြားချက်သည် ဥက္ကဋ္ဌနှင့်ဒုဥက္ကဋ္ဌနှစ်ဦး၏ သဘောထားဖြင့်သာ ပြန်ကြားခြင်းဖြစ်ကြောင်းကို သိရပါကြောင်း၊ LDU အဖွဲ့အနေဖြင့် ဗဟိုအမှုဆောင်အစည်းအဝေးကို Online မှ ပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့တက်ရောက်ခြင်းမရှိဘဲ အထွေထွေအတွင်းရေးမှူးကျာဆော်လမွန် ဦးဆောင်သည့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြပြီး သဘောတူဆုံးဖြတ်ချက်အရ တွဲဖက်အတွင်းရေးမှူး(၂)အဆင့်ရှိ ကျာယာကွပ် ဦးဆောင်သည့်အဖွဲ့ကို စေလွှတ်တက်ရောက်မည်ဟု ပြန်ကြားထားပါကြောင်း၊ UWSP/UWSA နှင့် NDAA (မိုင်းလား) အဖွဲ့နှစ်ဖွဲ့အနေဖြင့် ခေါင်းဆောင်များ၏ ကျန်းမာရေးအခြေအနေနှင့် ခရီးဝေးသွားလာရန် အခက်အခဲများကြောင့် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌအဆင့်ရှိသူများကို ဥက္ကဋ္ဌများကိုယ်တိုင် လက်မှတ်ရေးထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ လာရောက်ကြမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ခေါင်းဆောင်ကိုယ်တိုင် တက်ရောက်နိုင်ခြင်းမရှိသည့် ခုနစ်ဖွဲ့မှ ဦးဆောင်တက်ရောက်ကြမည့် ဒုတိယဥက္ကဋ္ဌ/အတွင်းရေးမှူးများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အားလုံး၏ကိုယ်စား အဆုံးအဖြတ်ပြုနိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း သက်ဆိုင်ရာအဖွဲ့များ၊ ခေါင်းဆောင်များ၏ ပြန်ကြားစာများအရ သိရပါကြောင်း။

**EAO တစ်ဖွဲ့ချင်းစီကိုသာ တွေ့ဆုံမည်**

နိုင်ငံတော်အကြီးအကဲအနေဖြင့် EAO တစ်ဖွဲ့ချင်းစီနှင့် တွေ့ဆုံမည်ဖြစ်သကဲ့သို့ PPST ဦးဆောင်မှုအဖွဲ့ကိုလည်း တွေ့ဆုံဆွေးနွေးခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန် PPST ဦးဆောင်အဖွဲ့မှ ညှိနှိုင်းရေးကော်မတီသို့ စာတစ်စောင်ပေးပို့ခဲ့ပါကြောင်း၊ ညှိနှိုင်းရေးကော်မတီမှ "EAO တစ်ဖွဲ့ချင်းစီ၏ လိုလားချက်သဘောတရား တူညီမှုမရှိခြင်းကြောင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် EAO တစ်ဖွဲ့ချင်းစီကိုသာ တွေ့ဆုံမည်ဖြစ်ကြောင်းနှင့် တရားဝင် ဆွေးနွေးလိုပါက ညှိနှိုင်းရေးကော်မတီနှင့် PPST ဦးဆောင်မှုအဖွဲ့တို့ တွေ့ဆုံနိုင်ပါတယ်"ဟု ပြန်ကြားထားရှိပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများကို အစောဆုံး ယခုလ ၂၀ ရက်နေ့တွင် စတင်တွေ့မည်ဖြစ်ပါကြောင်း။

အကြောင်းအရာချင်း မဆက်စပ်သော်လည်း ပြည်သူလူထုကို သတိထားစရာကိစ္စရပ်တစ်ခုကို အသိပေးလိုပါကြောင်း၊ ရဟန်း၊ သံဃာများကို PDF အမည်ခံအကြမ်းဖက်သမားများက ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် မေ ၁၇ ရက်အထိ ရဟန်း၊ သံဃာ ၄၇ ပါး အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်ခြင်းခံခဲ့ရပါကြောင်း၊ ထိုအထဲမှ စစ်ကိုင်းတိုင်းဒေသကြီးတွင် သံဃာ ၂၄ ပါး၊ မကွေးတိုင်းဒေသကြီးတွင် သံဃာ ၉ ပါး လုပ်ကြံသတ်ဖြတ်ခံရပါကြောင်း၊ ထိုတိုင်းဒေသကြီးများသည် ယုံကြည်ကိုးကွယ်မှုအနေဖြင့် ဗုဒ္ဓဘာသာအများဆုံး ကိုးကွယ်သူများ နေထိုင်ကြပါကြောင်း၊ အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသလဲ၊ ယနေ့တက်ရောက်လာကြသည့် မီဒီယာများအနေဖြင့် မည်သို့ထင်မြင်ယူဆချက်များရှိပါသလဲ၊ ထိုသို့ အသတ်ခံရသည့် သံဃာတော်အများစုသည် ကျောင်းထိုင်ဆရာတော်များ ဖြစ်ကြပါကြောင်း၊ ကျောင်းထိုင်ဆရာတော်တစ်ပါး ဖြစ်လာရန် ဘယ်လောက်မလွယ်မှန်း အားလုံးသိကြမည်ဖြစ်ပါကြောင်း၊ ရဟန်းသံဃာတော်များသည် သာသနာ့တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ပါကြောင်း၊ သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသည့် သံဃာတော်များနှင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေကြသည့် ဒါယကာ၊ ဒါယိကာမများ၊

စာမျက်နှာ ၁၁ သို့

❍ စာမျက်နှာ ၁၀ မှ
အဖွဲ့အစည်းများ ရင်းနှီးမှုရှိနေခြင်းသည် အစဉ်အလာတစ်ခုဖြစ်ပါကြောင်း၊ ထိုအကြားကဆက်စပ်မှုကိုဖျက်ဆီးပြီး သာသနာတော်၏ရေသောက်မြစ်ကို ဖြတ်တောက်နေခြင်းက ထိုအကြမ်းဖက်အဖွဲ့အစည်းများ၊ အကြမ်းဖက်သမားများ၏ ရည်မှန်းချက်ဖြစ်ပါကြောင်း။

**နိုင်ငံ့သိပြဿနာတစ်ရပ်ဖြစ်**

နောက်ကွယ်က ဆက်စပ်နေနိုင်သည့် အကြောင်းအရာအချို့ကို သတိထားမိစေရန် ပြောပြလိုပါကြောင်း၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ သီလရှင်တစ်ပါး အပါအဝင် ရဟန်းသံဃာ ခုနစ်ပါး PDF များ၏ လုပ်ကြံခြင်းခံခဲ့ရပါကြောင်း၊ မြိုင်မြို့နယ်ဆိုလျှင် အားလုံးက မှတ်မိကြမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲမတိုင်ခင် မဲဆွယ်ကာလကတည်းက နိုင်ငံ့သိပြဿနာတစ်ရပ်ဖြစ်ခဲ့သည့် နေရာဖြစ်ပါကြောင်း၊ ဖြစ်စဉ်မှာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၃ ရက်တွင် မြိုင်မြို့နယ် ကန်နီကျေးရွာတွင် NLD ပါတီဝင်တစ်ဦးက ပါတီအောင်နိုင်ရေးသီချင်းများ၊ မဲဆွယ်စည်းရုံးမှုများကို နေ့နေ့ညည ဆူညံစွာ လွန်လွန်ကဲကဲ နားမခံသာအောင် အသံချဲ့စက်ဖွင့်ပြီး ရွာကိုနှိပ်စက်ခဲ့ပါကြောင်း၊ ယင်းကိုမလုပ်သင့်ကြောင်းနှင့် အသံချဲ့စက်အသံတိုးပေးရန် သွားရောက်မေတ္တာရပ်ခံလာပြောသည့် ရွာသားကို ဝိုင်းဝန်းရိုက်နှက်ခဲ့ပါကြောင်း၊ ထိုဖြစ်စဉ်အပေါ်မကျေနပ်သည့် ရွာသူ ရွာသားများက နေအိမ်ဝင်းအတွင်းသို့ ဝင်ရောက်ခဲ့ပါကြောင်း၊ ထိုအချိန်က အာဏာရပါတီနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများကလည်း ထိုမတရားမှုအပေါ်တွင် အာဏာနှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး ဘက်လိုက်ရပ်တည်ခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် ဗကပစကားနှင့်ပြောရလျှင် သွယ်ဝိုက်ပြီး အာဏာတည်ဆောက်ထားသည့် ဒေသဖြစ်ကြောင်းကို သတိပြုမိမည်ဖြစ်ပါကြောင်း၊ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ခြမ်းတစ်ဝိုက်က အကြမ်းဖက် PDF များကို နောက်ကွယ်က ကြိုးကိုင်နေသည်မှာ KIA အဖွဲ့ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီး မြောက်ခြမ်းနှင့် အနောက်မြောက်ခြမ်းတွင်ရှိနေသည့် PDF များကို ကြိုးကိုင်နေသည်မှာ CNF အဖွဲ့ဖြစ်ပါကြောင်း၊ ထို့ကြောင့် တင်ပြပါဗီဒီယိုဖိုင်ကို ဥပမာကြည့်ပေးစေလိုပါကြောင်း၊ အဘယ်ကြောင့်ဖြစ်နေသလဲ၊ မည်သို့လုပ်သင့်သလဲဆိုသည်ကို ပြည်သူလူထုနှင့် သက်ဆိုင်သူအားလုံး သိမြင်နိုင်မည်ဟု ပြောလိုပါကြောင်း ပြောကြားပြီး ဗီဒီယိုဖိုင်ကိုပြသသည်။

ဆက်လက်၍ ယင်းနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အကာအကွယ်ပေးရမည်ဖြစ်ကြောင်း၊ လူအများစုကိုးကွယ်ရာ ဘာသာတရားကို တိုက်ရိုက်ထိပါးခြင်းဖြစ်ကြောင်း၊ သံဃာတော်များနှင့် ပတ်သက်ပြီး ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်းများရှိလျှင် သတင်းပေးကြစေလိုပါကြောင်း၊ ထိထိရောက်ရောက် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဒုတိယပိုင်းအနေဖြင့် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ ပြည်သူများလိုလားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ရန်၊ ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစေရန် ပြည်သူလူထုတစ်ရပ်လုံး ပညာရည်မြင့်မားရန် လိုအပ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းများအရ မိမိတို့နိုင်ငံသားအားလုံး၏ ၃ ပုံ ၁ ပုံခန့်သည် အလယ်တန်းအဆင့် ပညာရေးသာရှိကြောင်းကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် နိုင်ငံသားတိုင်းကို KG+9 (အလယ်တန်းအဆင့်) ပညာပြီးဆုံးသည်အထိ သင်ကြားနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် အခြေခံပညာ၊ အဆင့်မြင့်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူအားလုံး ကျောင်းနေနိုင်အောင် လုပ်ပေးမည်ဖြစ်ကြောင်း၊ ပညာသင်ကြားမှုပြီးမြောက်အောင် ပံ့ပိုးမည်ဖြစ်ကြောင်း၊ ကာယကံရှင်များဖြစ်သည့် ကျောင်းသား ကျောင်းသူများ ပညာပြီးမြောက်အောင် သင်ကြားမှုမရှိခဲ့လျှင် ကာယကံရှင် ကျောင်းသား ကျောင်းသူများ၊ မိဘများသာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာမှုများဖြစ်လာစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်နိုင်သည့် လုပ်အားများ ဆုံးရှုံးခြင်းများဖြစ်ပေါ်လာသလို နိုင်ငံသားတစ်ဦးချင်း၏ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်တာဝန် စတင်ယူချိန်ကပင် ကိုဗစ်-၁၉ ကြောင့် ပိတ်ထားခဲ့သည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ကြိုးပမ်းခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကို ကိုဗစ်-၁၉ ရောဂါအကျပ်အတည်းနှင့် နိုင်ငံရေးအမှောင့်ပယောဂများကြားတွင် မိမိတို့ ပညာသင်နှစ်ဆုံးခန်းတိုင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ဧပြီ ၂၄ ရက်တွင် အခြေခံပညာကျောင်းများအားလုံး၏ စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး မကြာခင်အချိန်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာအတန်းများ ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုကို လက်ခံဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ပါကြောင်း၊




၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးဆောင်ပုဒ်အဖြစ် "ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့" ဟူ၍ သတ်မှတ်ခဲ့ပြီး (၅)နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG)ကိုအပ်နှံရန်၊ (၆)နှစ် အရွယ်ကလေးများကို ပထမတန်း(Grade-1)ကိုအပ်နှံရန် နှိုးဆော်လျက်ရှိပါကြောင်း။

**အသိပေးနှိုးဆော်လျက်ရှိ**

ထို့အပြင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကာလအတွင်း ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် ပညာရေး အရာထမ်း၊ အမှုထမ်းအားလုံး သိရှိလိုက်နာရမည့်အချက်များနှင့် မိဘအုပ်ထိန်းသူ ပြည်သူများကို မေတ္တာရပ်ခံပန်ကြားချက်များကို နိုင်ငံပိုင်သတင်းမီဒီယာများကတစ်ဆင့် အသိပေးနှိုးဆော်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခမဲ့ပညာရေးစနစ်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်းမှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအပ်နှံသည့် ကလေးများကို KG အတန်းအတွက် လိုအပ်မည့် ပံ့ပိုးမှုများနှင့် Grade-1 မှ Grade-11 အထိ ကျောင်းသားကိုင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို အခမဲ့ဖြန့်ဝေခြင်း၊ ဆရာလမ်းညွှန်စာအုပ်များကို အခမဲ့ဖြန့်ဝေခြင်း၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဖြန့်ဝေလျက်ရှိသကဲ့သို့ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကိုဖြန့်ဝေခြင်း စသည်များကို ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

ယခုရက်ပိုင်းအတွင်း အွန်လိုင်းပေါ်တွင် တက္ကသိုလ်ဝင်တန်းအောင်စာရင်းနှင့်ပတ်သက်ပြီး ငွေကျပ်သုံးသောင်း၊ လေးသောင်း စသဖြင့်ပေးရသည်ဟု သတင်းပြန့်နေကြောင်း၊ အောင်စာရင်း၊ အမှတ်စာရင်းထုတ်ယူမှုအတွက် ကုန်ကျစရိတ် ငွေ ၄၀၀ ကျပ်၊ ၆၀၀ ကျပ် စသဖြင့် သတ်မှတ်ပြီးဖြစ်ကြောင်း၊ စာတိုက်မှပို့လျှင် စာတိုက်ဖိုးကုန်မည်ဖြစ်ပြီး အများဆုံးကုန်ကျငွေ ၁၀၀၀/ ၁၅၀၀ ထက်မပိုပါကြောင်း၊ အွန်လိုင်းပေါ်မှ ပြောနေသည့် သုံးလေးသောင်းကုန်ကျမှုများသည် ပွဲစားများနှင့် လုပ်နေခြင်းဖြစ်ပြီး ယင်းတို့ကိုလည်း မိမိတို့ ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အနာဂတ်ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝပြီး အတွေ့အကြုံရှိသည့် ဆရာ ဆရာမများ လိုအပ်ပါကြောင်း၊ ထို့ကြောင့် တာဝန်မှ ကင်းကွာနေသည့် ပညာရေးဝန်ထမ်းများကို ပြန်လည်၍ တာဝန်ထမ်းဆောင်နိုင်ရန် အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ် မေ ၁၆ ရက်မှစတင်၍ နိုင်ငံပိုင်ရုပ်မြင်သံကြား မီဒီယာများမှတစ်ဆင့် ပြန်လည်ဖိတ်ခေါ်ထားပါကြောင်း၊ အခြေခံပညာ ဆရာ ဆရာမအသစ်များကိုလည်း ထပ်တိုးခန့်အပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျောင်းများ၏ ရုပ်ပိုင်းဆိုင်ရာ တိုးမြှင့်ရေး၊ ကျောင်းစာကြည့်တိုက်များ၌ စာအုပ်စာတမ်းများ ဖြည့်ဆည်းပေးခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ကျောင်းများဖွင့်လှစ်မှုနှင့်ပတ်သက်ပြီး NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပြည်ဖျက်မီဒီယာများက ကျောင်းများမဖွင့်အောင် ခြိမ်းခြောက်နှောင့်ယှက်နေသည်ကိုလည်း တွေ့နိုင်မည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ပညာသင်နှစ်များတွင် အကြမ်းဖက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုကြောင့် မိုင်းထောင်၊ မိုင်းခွဲ၊ မီးရှို့ ဖျက်ဆီးခံခဲ့ရသည့် ကျောင်းပေါင်း ၅၀၄ ကျောင်းရှိခဲ့ပြီး ဆရာ ဆရာမ ၃၇ ဦး သေဆုံးခဲ့ရပါကြောင်း၊ ယခုလည်း ကျောင်းများမဖွင့်ခင်ကတည်းက ခြိမ်းခြောက်မှုများ စတင်လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ပြည်ဖျက်မီဒီယာများကလည်း ဖော်ပြနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဥပမာ - ပင်းတယမြို့နယ် ပညာရေးမှူးရုံးကို မိုင်းထောင်ဖောက်ခွဲသည်ဆိုပြီး မီဒီယာတစ်ခုက ဖော်ပြထားကြောင်း၊ မေ ၉ ရက် နံနက်ပိုင်းတွင် လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းသည် ကျောင်းဖွင့်တော့မည်ဖြစ်၍ ဖောက်ခွဲခြင်းဖြစ်ပြီး နောင်တွင် ယခုထက်အားပြင်းသည့် ဗုံးနှင့် ဖောက်ခွဲမည်ဆိုသည့် ခြိမ်းခြောက်မှုမျိုးတွေ့ရပါကြောင်း၊ တစ်ဖက်တွင်လည်း "စာမေးပွဲဖြေဆိုသူများကို တက္ကသိုလ်ဝင်ခွင့် လက်ခံမည်မဟုတ်ဟု NUG ပြော" ဆိုပြီးရေးထားသည်ကိုလည်းတွေ့ရမည်ဖြစ်ကြောင်း၊ အဆိုးဆုံးမှာ စာသင်ကျောင်းများကို မိုင်းထောင်၊ ဘန်ကာဆောက်ပြီး အကြမ်းဖက်အဖွဲ့ အခြေချစခန်းများအဖြစ် အသုံးပြုနေခြင်းသာဖြစ်ကြောင်း ပြောကြားပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ကျောင်းကိုပိတ်ပြီး ကျောင်းထဲသို့ ဝင်ရောက်နေရာယူကာ အခြေချစခန်းအဖြစ်ပြုလုပ်ပြီး အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်နေသည့်ဗီဒီယိုဖိုင်ကိုပြသသည်။

ပညာရေးနှင့်ပတ်သက်ပြီး ပြည်သူလူထုကို သိစေလိုသည်မှာ တစ်ဖက်တွင် ကျောင်းများမတက်ရန်ပြောကြားနေပြီး လက်တွေ့ကျောင်းများကို မိုင်းထောင်မိုင်းခွဲမီးရှို့ခဲ့ကြောင်း၊ တစ်ဖက်တွင် ၎င်းတို့ဘက်က ပညာသင်ပေးနေသည်ဆိုပြီး လုပ်ဆောင်ကြောင်း၊ ထိုအထဲတွင် မည်သည့်မြုပ်ကွက်များရှိသည်ကို ကြည့်လျှင်သိနိုင်ပါကြောင်း ပြောကြား၍ ယင်းအကြောင်းအရာများနှင့်ပတ်သက်သည့် ဗီဒီယိုဖိုင်ကို ရှင်းလင်းပြသပြီးနောက် မိဘပြည်သူများအနေဖြင့် "အသိ၊ သတိရှိဖို့ လိုအပ်နေပြီ" ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့အနေဖြင့် ကျောင်းများဖွင့်လှစ်သည့်အခါ ကျောင်းသား ကျောင်းသူ လူငယ်များအားလုံး ပညာသင်နှစ်တစ်ခု အောင်မြင်စွာပြီးဆုံး ပညာသင်ကြားနိုင်ရန် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် ဘေးကင်းလုံခြုံရေး မိဘပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အလားတူ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ကျောင်းများ အများဆုံး မဖွင့်လှစ်နိုင်သည့်နေရာသည် ချင်းပြည်နယ်ဖြစ်ကြောင်း ပြောကြားသည်။

**မိမိတို့၏ ချင်းအမျိုးသားများသာ နစ်နာ**

ချင်းပြည်နယ်၌ ပညာရည်မြှင့်တင်ရေး ဆောင်ရွက်ရန် အစိုးရ၏လုပ်ဆောင်ချက်များကို ပြောလိုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များ အနက် ချင်းပြည်နယ်သည် ပညာရေးနှင့်ပတ်သက်ပြီး အားနည်းချက်များရှိခဲ့ပါကြောင်း၊ ယင်းကိုကုစားနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ချင်းပြည်နယ်၌ ယခင်က ၂၀၁၆ ခုနှစ်တွင် ဟားခါးကောလိပ်ဖွင့်လှစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် တက္ကသိုလ်အဆင့်မြှင့်တင်ခဲ့ပါကြောင်း၊ မင်းတပ်ကောလိပ်ကို ထပ်မံဖွင့်လှစ်ရန် ဆောက်လုပ်လျက်ရှိပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် မင်းတပ်၌ စက်မှုလက်မှုသိပ္ပံတစ်ခု၊ ဖလမ်း၊ ပလက်ဝနှင့် ထန်တလန်တို့၌ စက်မှုလက်မှုအထက်တန်းကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်ရေး စီမံချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် အကြမ်းဖက် PDF များ လုပ်ရပ်ကြောင့် ချင်းပြည်နယ်ရှိ ရှိပြီးသားကျောင်းအချို့ပင် မဖွင့်လှစ်နိုင်သည့်အနေအထား ဖြစ်ခဲ့ရပါကြောင်း၊ မည်သူတို့ နစ်နာနေသည်ကို စဉ်းစားကြည့်စေလိုကြောင်း၊ မိမိပြည်နယ်၊ မိမိလူထု၊ မိမိတို့၏ ချင်းအမျိုးသားများသာ နစ်နာရခြင်းဖြစ်ပါကြောင်း၊ ယင်းတို့ကို သတိပြုကြရန်လိုပါကြောင်း။

ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ပထမနှစ်သင်တန်းသားအပ်နှံမှု တစ်သောင်းခုနစ်ထောင်ကျော်ရှိပြီး အပ်နှံရာခိုင်နှုန်း ၃၀ ဒသမ ၀၃ (၃၀ ရာခိုင်နှုန်းကျော်)ထဲမှ ကျောင်းတက်သူ ၁၀၃၂၆ ဦး (တစ်သောင်းကျော်)၊ ပျက်ကွက် ၆၈၈၉ ဦး (ခြောက်ထောင့်ကိုးရာနီးပါး) ဖြစ်သည့်အတွက် ၅၉ ဒသမ ၉၈ ရာခိုင်နှုန်း (၆၀ ရာခိုင်နှုန်းနီးပါး)ရှိပါကြောင်း၊ ပညာရေးဒီဂရီကောလိပ်များတွင်မူ ၂၀၂၀ ပြည့်နှစ် ပညာသင်နှစ် အောင်ရှိရင်း ၄၀၁၃ ဦး(လေးထောင်ကျော်)၊ အပ်နှံ ၂၃၂၇ ဦး (နှစ်ထောင့်သုံးရာကျော်) ၅၇ ဒသမ ၉၉ ရာခိုင်နှုန်း(၅၈ ရာခိုင်နှုန်း) အပ်နှံခဲ့ပါကြောင်း၊ ဆေးတက္ကသိုလ်တက်ရောက်ရန် ကျောင်းလာရောက်အပ်နှံသည်မှာ ယခုအချိန်အထိ အပ်နှံနေဆဲဖြစ်ကြောင်း၊ မနေ့က ဆေးတက္ကသိုလ်အသီးသီး၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲများကို ဆေးတက္ကသိုလ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပခဲ့ပါကြောင်း၊ တက်ရောက်သူပေါင်း သုံးထောင်ကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၀ ရာခိုင်နှုန်းရှိပါကြောင်း၊ ဆက်လက်လာရောက်သင်ကြားမည့်သူများလည်း ရှိပါကြောင်း၊ ကျောင်းမတက်ဘူးဟု မည်သို့ပင်ပြောသည်ဖြစ်စေ တင်ပြပါ ဗီဒီယိုဖိုင်ကိုကြည့်ပါက အဖြေကိုတွေ့ရလိမ့်မည်ဖြစ်ကြောင်း ပြောကြားပြီး တက္ကသိုလ်အသီးသီး၌ ကျောင်းတက်ရောက်နေမှု ဗီဒီယိုဖိုင်ကို ပြသသည်။

မိမိအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပညာသင်နှစ်ကိုသာ Hightlight ထုတ်တင်ပြရခြင်းမှာ ယင်းလူငယ်လေးများသည် ရိုးသားသည့်၊ အရောင်အသွေးကင်းမဲ့သည့် လူငယ်လေးများဖြစ်ကြောင်း ဂုဏ်ယူစွာပြောလို၍ ဖြစ်ပါကြောင်း၊ ၎င်းတို့ကို နိုင်ငံတော်က အနာဂတ်အတွက် အားကိုးတကြီး မျှော်လင့်နေသည်ဟု ပြောလိုပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တက္ကသိုလ်နည်းပြ ဆရာ ဆရာမများ လုံလောက်စွာ ခန့်အပ်နိုင်ရေးအတွက် အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်အကျိုးရှိမည့် ကိုယ်စီမျှော်လင့်ချက် စိတ်ကူးအိပ်မက်များ ပုံဖော်ခွင့်ရရှိလာအောင် ကြိုးပမ်းကြပါဟု ဆုတောင်းပြောကြား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၉ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက်ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၂၅,၅၇၆) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၂၀၃) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၁၆၆) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **https://moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၆၆) ခု | (၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၁၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၈၃၁) ခု | (၁) ဦး |
| **စုစုပေါင်း** | (၈,၇၉၄) ခု | (၁၇) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၇၉၉၀၄၀ | ၈၁၄၉၁၂၈၂ | ၁၀၂၈၃၃၇ |
| ၂။ | အိန္ဒိယ | ၄၃၁၃၁၈၂၂ | ၄၂၅၉၂၄၅၅ | ၅၂၄၃၂၃ |
| ၃။ | ဘရာဇီး | ၃၀၇၅၂၂၆ | ၂၉၇၄၆၆၄၀ | ၆၆၅၄၉၁ |
| ၄။ | ပြင်သစ် | ၂၉၂၉၁၁၄၆ | ၂၈၄၄၈၀၈၈ | ၁၄၇၇၁၅ |
| ၅။ | ဂျာမနီ | ၂၆၀၁၃၂၈၃ | ၂၄၅၂၆၃၀၀ | ၁၃၈၄၈၈ |
| ၆။ | ဗြိတိန် | ၂၂၃၂၃၇၇ | ၂၁၇၉၁၃၈၂ | ၁၇၇၈၉၀ |
| ၇။ | ရုရှား | ၁၈၂၈၃၇၀၆ | ၁၇၆၇၆၈၀၁ | ၃၇၈၁၆၈ |
| ၈။ | တောင်ကိုရီးယား | ၁၇၉၁၄၉၅၇ | ၁၇၂၇၁၈၉၁ | ၂၃၈၈၅ |
| ၉။ | အီတလီ | ၁၇၁၇၈၁၉၉ | ၁၆၁၁၉၂၈၆ | ၁၆၅၇၃၈ |
| ၁၀။ | တူရကီ | ၁၅၀၆၀၁၁၂ | ၁၄၉၅၇၆၆၈ | ၉၈၉၁၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၀၆၁၁၁ | ၉၃၉၀၀၃၂ | ၄၃၀၇၅ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၂၁၀၀ | ၅၈၉၁၈၇၂ | ၁၅၆၅၁၃ |
| ၃။ | မလေးရှား | ၄၄၈၅၄၁၉ | ၄၄၁၉၉၈၇ | ၃၅၆၃၃ |
| ၄။ | ထိုင်း | ၄၄၀၁၃၇၈ | ၄၃၁၂၇၉၀ | ၂၉၆၈၁ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၈၅၀၈ | ၃၆၂၅၉၃၄ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၂၅၈၆၉၁ | ၁၁၇၈၃၃၄ | ၁၃၇၁ |
| ၇။ | မြန်မာ | ၆၁၃၂၀၃ | ၅၉၂၁၆၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၆၉၈ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၆၀၄၄ | ၁၄၄၀၅၇ | ၂၂၁ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၁ | ၃၀၅၆ |

## အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ဂရန်အင်း/တင်ဒါ ငါးဖမ်းကွက်များ (ပထမအကြိမ်) ရောင်းချခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ၂၀၂၂-၂၀၂၃ ဂရန်အင်း/ တင်ဒါ ငါးဖမ်းကွက်များ (ပထမအကြိမ်) ရောင်းချခြင်းအခမ်းအနားကို အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် ဘုရင့်နောင်လမ်း ငါးလုပ်ငန်းဦးစီးဌာန ရုံး၌ယမန်နေ့နံနက် ၁၀ နာရီက ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေး ကျန်းမာရေး စည်းကမ်းလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ မြောက်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးလေးနိုင်က အမှာစကားပြောကြားပြီး ၂၀၂၂-၂၀၂၃ ဂရန်အင်း/တင်ဒါ ငါးဖမ်းကွက်များ စည်းမျဉ်း စည်းကမ်းများအကြောင်းကို အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်နိုင်လင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ဂရန်အင်း/တင်ဒါ ငါးဖမ်းကွက်များအား ပထမအကြိမ်ရောင်းချခဲ့သည်။ အခမ်းအနားသို့ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ အင်းရေလုပ်သားကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် တောင်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိ



ဝါရှင်တန် မေ ၂၀

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဂျပန်နိုင်ငံသို့ ဦးတည်ထွက်ခွာလာသည့် ငါးရက်တာ အာရှခရီးစဉ်၏ ပထမရပ်နားရာအဖြစ် တောင်ကိုရီးယားနိုင်ငံသို့ ယနေ့ ရောက်ရှိကြောင်း သိရသည်။

သမ္မတ ဂျိုးဘိုင်ဒင်သည် မြို့တော်ဆိုးလ်အနီးရှိ လေတပ်စခန်းတစ်ခုသို့မေ ၂၀ ရက်တွင် ရောက်ရှိခဲ့သည်။

ဂျိုးဘိုင်ဒင်၏ ယခုအာရှခရီးစဉ်သည်၎င်းရာထူး အာဏာစတင်ရရှိခဲ့သည့် ယမန်နှစ်မှစပြီး ပထမဆုံး အကြိမ်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျိုးဘိုင်ဒင်သည် ဆမ်ဆောင်း အီလက်ထရွန်နစ်ပစ္စည်းစက်ရုံသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ အဆိုပါစက်ရုံသည် ကမ္ဘာ့လျှပ်ကူးပစ္စည်းဈေးကွက်ကို အများဆုံးချုပ်ကိုင်ထားသည်။

မေ ၂၁ ရက်တွင် ဂျိုးဘိုင်ဒင်က တောင်ကိုရီးယားသမ္မတ ယွန်းဆက်ယိုးနှင့် တွေ့ဆုံမည်ဖြစ်ပြီး နှစ်နိုင်ငံအရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် မြောက်ကိုရီးယားနိုင်ငံ၏ မကြာသေးမီက စမ်းသပ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်နှင့်စပ်လျဉ်းသော ကိစ္စရပ်များအပါအဝင် အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် သမ္မတ ဂျိုးဘိုင်ဒင်၏ အာရှခရီးစဉ်အတွင်း ပြုံယမ်းက ယခုနှစ်၏ ခုနစ်စင်းမြောက် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်နိုင်ဖွယ်ရှိကြောင်း အိမ်ဖြူတော် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးဂျိတ်ဆူလီဗန်က မီဒီယာသို့ ပြောကြားသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

## ဂျပန်နိုင်ငံ၌ အသက် ၆၀ နှင့်အထက် ပြည်သူများအား ဒုတိယကြိမ် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှု မေ ၂၅ ရက်တွင် စတင်မည်

တိုကျို မေ ၂၀

ဂျပန်အစိုးရက အသက် ၆၀ နှင့်အထက်ပြည်သူများအား မေ ၂၅ ရက်မှစပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယကြိမ် ထပ်ဆောင်းထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Pfizer၊ BioNTech နှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုသွားမည်ဖြစ်သည်။

အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုတစ်ကြိမ် ခံယူပြီးနောက် အနည်းဆုံး ငါးလအကြာတွင် နောက်ထပ်ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူရမည်ဖြစ်သည်။

ထို့ပြင် နာတာရှည်ရောဂါရှိသည့် အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများကိုလည်း ဒုတိယကြိမ်ကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများအပါအဝင် ကျန်းမာရေးဝန်ထမ်းများအား ပူးပေါင်းပါဝင်ကြရန် ဒေသန္တရအစိုးရက တိုက်တွန်းထားကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်



## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၈၇ ဦးထပ်မံတွေ့ရှိ

ဟန္နိုင်း မေ ၂၀

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၈၇ ဦးထပ်မံတွေ့ရှိပြီး အဆိုပါအရေအတွက်သည် မေ ၁၈ ရက်က တွေ့ရှိမှုထက် ၁၂၈ ဦးလျော့နည်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူအားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး မြို့တော်ဟန္နိုင်းမှ ၃၇၃ ဦး၊ ဖူသိုခရိုင်မှ ၁၀၂ ဦးနှင့် ဗင်ဖူခရိုင်မှ ၉၂ ဦး အသီးသီး တွေ့ရှိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၇၀၆၁၁၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၇၅ ဦးရှိကြောင်း သိရသည်။ သို့သော် ၉၃၈၉၀၀၃၂ ဦး (ရောဂါကူးစက်ခံရသူများ၏ ၈၈ ရာခိုင်နှုန်း)သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၁၈ ဒသမ ၈ သန်းနီးပါး သုံးစွဲပြီးဖြစ်ပြီး ၎င်းတို့အနက် ၁၉၈ ဒသမ ၁ သန်းကို အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများအား ထိုးနှံပေးပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ် ဧပြီလမှစပြီး ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းကူးစက်မှုကို ရင်ဆိုင်ဖြတ်သန်းနေရပြီး လက်ရှိအချိန်အထိ ဒေသတွင်းကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇ သန်းနီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

## အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များကို Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးသင့်

လော့စ်အိန်ဂျလိစ် မေ ၂၀

အမေရိကန်နိုင်ငံအတွင်းရှိ အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်း ထိုးနှံပေးသင့်ကြောင်း အမေရိကန် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက အကြံပြုပြောကြားသည်။

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးပြီးနောက် ငါးလအတွင်း အဆိုပါအသက်အရွယ်ရှိ ကလေးငယ်များအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်း ထိုးနှံပေးသင့်ကြောင်း ၎င်းစင်တာကပြောကြားသည်။

လက်ရှိအချိန်၌ အဆိုပါအသက်အရွယ်ရှိ ကလေးငယ်များသည် အခြားအသက်အရွယ်ရှိသူများထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် နောက်ကျသောကြောင့် ပြင်းထန်စွာဖျားနာမှုများ ခံစားနေရကြောင်း အမေရိကန် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာမှ ညွှန်ကြားရေးမှူး ရိုချီလီဝေါလင်စကီး ကပြောကြားသည်။ လက်ရှိအချိန်တွင် အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၁၈ သန်းထိုးနှံပေးခဲ့ပြီး ထပ်မံ၍လည်း တိုးချဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်းရှိ အသက် ၁၂ နှစ်နှင့် အထက်ရှိပြီး ရောဂါခုခံနိုင်စွမ်းနည်းပါးသူများနှင့် အသက် ၅၀ နှင့် အထက်ရှိသူများအား အပိုဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံရန် အဆိုပါစင်တာက ညွှန်ကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၁၂၅ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၂၀

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၁၂၅ ဦးထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်းကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၇၉၁၄၉၅၇ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းမျိုးကွဲ(ဗီဇပြောင်းဗိုင်း)ရပ်စ်ကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများမြင့်တက်လာခဲ့ရာမှ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ စနစ်ကျစွာဆောင်ရွက်နိုင်ခဲ့သဖြင့် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြန်လည်ကျဆင်းခဲ့သည်။

လက်ရှိအချိန်၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၂၄၃၆ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၈၈၅ ဦးရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၄၅၆၆၅၇၅ဦးရှိပြီး အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၃၂၅၀၈၅၅ ဦးရှိသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၂၄ ဦးထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၂၀

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၂၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၄၈၅၄၁၉ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် တစ်ဦးသာလျှင် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၂၁၂၃ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း သုံးဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၆၃၃ ဦးရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၂၃၀၃ ဦးရောဂါမှ ပြန်လည် ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၄၁၉၉၉၇ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၉၇၈၉ ဦးရှိပြီး ၎င်းတို့အနက် ၃၅ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၂၂ ဦး သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၅ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၂ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝ ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၅၉ ဦးထပ်မံတွေ့ရှိ

နယူးဒေလီ မေ ၂၀

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၅၉ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၃၁၈၂၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၃၂၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၅၀၄၄ ဦးရှိကြောင်း၊ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၁၄ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားကြရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၅၉၂၄၅၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရှင်သာမဏေနှစ်ပါး ဒဏ်ရာရရှိ

နေပြည်တော် မေ ၂၀

နိုင်ငံရေး အစွန်းရောက် အကြမ်းဖက် သမားများသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ မြို့နယ်အချို့၌ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများကို အကြမ်းဖက် ဖောက်ခွဲခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများကို ရက်စက်စွာ လုပ်ကြံ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်





သတ်ဖြတ်ခြင်းများကို စိတ်နှလုံး ညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

**လက်နက်ကြီးကျည်စထိမှန်**

ထိုသို့ ပြုလုပ်လျက်ရှိရာ မေ ၁၉ ရက် ညနေ ၅ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် နန်းသီတာကျေးရွာရှိ ပေလန်းကျောင်းတိုက်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျောင်းဝင်းအတွင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောင်းတိုက်ရှိ ရှင်သာမဏေ နှစ်ပါးဖြစ်သော ရှင်ဝါသဝ(ခ) မောင်ငွေဇင်အောင် ၁၄ နှစ် (ဘ)ဦးမြင့်အောင်နှင့် ရှင်သီလိန္ဒ (ခ)မောင်ဟိန်းထက်အောင် ၈ နှစ် (ဘ)ဦးတိုးတို့တွင် လက်နက်ကြီးကျည်စ ထိမှန်ဒဏ်ရာများရရှိခဲ့ရာ ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဘုန်းတော်ကြီးကျောင်းအား လက်နက်ကြီးဖြင့် ပစ်ခတ်ပြီး ရှင်သာမဏေငယ်များကို ဒဏ်ရာရရှိစေခဲ့သည့် အကြမ်းဖက် သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၂၀

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**အမိန့်ချမှတ်**

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ နိုင်လင်း(ခ)ချစ်ထွေးက အထည်ချုပ်စက်ရုံတွင် အတူလုပ်ကိုင်ရာမှ ခင်မင်ရင်းနှီးသည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နေ မ --- ၂၃ နှစ်အား ၎င်း၏ ရည်စားဖြစ်သူ မဝေဝေသည် တရုတ်နိုင်ငံ ဝမ်းကျိုးမြို့တွင် ဟော့ပေါ့ဆိုင်ဖွင့်ထားကြောင်း၊ သွားရောက်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၀ သိန်းခန့်ရမည်ဖြစ်ကြောင်း၊ စရိတ်ငြိမ်းပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်အမျိုးသား လင်ကျစ်ထောက်ဆိုသူထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် အင်းစိန်မြို့မ ရဲစခန်း (ပ) ၄၄၃ / ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ နိုင်လင်း(ခ)ချစ်ထွေးကို မေ ၁၉ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် တမူးမြို့ ဈေးတန်း(၁၂) ရပ်ကွက် အာရှလမ်းမကြီးတွင် မြင့်ဇော် မောင်းနှင်ပြီး အောင်ဆန်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် မြိတ်တောင် ကျေးရွာနေ



ဇော်လီ (ခ) မာဘရန်အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

မမိုးမိုးအေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအုပ်စု ခါးသျှိ(အောက်) ကျေးရွာအနီးရှိ လားရှိုး-တန့်ယန်း သွားကားလမ်းတွင် ဇော်လီ(ခ) မာဘရန် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၃ ကီလိုကိုလည်းကောင်း၊ အလားတူ မေ ၁၈ ရက် မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ရွာတောလေးကျေးရွာအနီး ရန်ကုန်-မန္တလေးသွားကားလမ်းဟောင်းတွင် ဇေယျာဝင်း(ခ)ဇေကြီးကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၅-၂၀၂၂ စနေနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ခေမ္ဘာဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
၀၉:၅၀ SEA Games Vietnam (Highlights)
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
၁၃:၃၀ MRTV National News
၁၅:၂၀ (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ (တတိယနေရာလုပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း)
၁၇:၄၀ ရှုလေမြင်လေ ကမ္ဘာမြေ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာ သီရိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ရှို့ဖွက်ချက်'** (အပိုင်း-၉၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ **(၃၀)ဖြာဝဏ္ဏ** (ဦးနန်းဝင်း ရေးသားပူဇော်တင်ဆက်သည်) **'အသေဝနာစသုတ်' နှင့် 'ပတိရူပဒေသဝါသောစ'**
၂၁:၄၅ ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်း

### mitv

07:02 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
07:09 Weekly Review
07:26 Tour Around in Myeik Archipelago (Epi-3) Taung Pan Gyi and Lay Islands
07:39 Myanmar Designer Studio: Amy
07:44 Quiz Time (Ep-10)
09:01 News
09:26 Global Partnership for Brighter Future: Armenia Pavilion at Expo 2020 Dubai
09:34 Bagan: The Land of Pagoda
10:01 Dengue Fever
10:08 Ocularist
10:29 Great Shwedagon - The Architectural Heritage

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရုံးပတီသီးနှင့်ကျန်းမာရေး
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
အသားအရေလှပကောင်းမွန်စေမည့်အချက်များ
**ချင်း (ဒို့) (၀၉:၀၀ မှ ၁၀:၀၀)**
အပဲသားလိပ်နှင့်ဂျေပ်ကောင်းဆော့စ်
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ပွိုင့်ကမ်းခြေသို့အလည်သွားကြမယ်
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သွေ့ညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၉)
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝက်နံ့ရိုးချဉ်စပ်ဟင်းရည်
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၀)
**ဝကေကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ထူးခြားဆန်းပြားကရင်တူရိယာနှင့်တေးသံသာများ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၈:၁၅ 31st SEA Games Highlights
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကံစမ်းမဲ'**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ အထွက်နှုန်းပိုတိုးဖို့ စမ်းသပ်စိုက်ပျိုးစို့
၀၇:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၇:၁၅ ဆန်ကိုအခြေခံ၍ကိတ်မုန့်ပြုလုပ်နည်း
၀၈:၂၀ စက်မှုလယ်ယာပညာရှာ ခေတ်မီစိုက်ပျိုးပြည့်အကျိုး
၀၉:၁၅ တစ်ဆစ်ကြဲစိုက်ပျိုးတောင်သူဝင်ငွေတိုး
၀၈:၂၀ သမိုင်းအစဉ်အလာကြီးမားတဲ့ တောင်ငူသားတို့ရဲ့လယ်ကွင်းများဆီ

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၅၄၀ |
| 95 Ron | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၈၀ | ၂၃၅၅ | ၂၄၅၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၆၀ | ၂၁၉၅ | ၂၂၁၅ | ၂၂၁၅ | ၂၁၈၀ | ၂၂၉၅ | ၂၂၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၂၆၉၀ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၈ | ၂၁၈၃ |
| 95 Ron | ၂၂၁၇ | ၂၂၉၅ |
| HSD (500 ppm) | ၂၀၄၇ | ၂၁၁၈ |
| HSD (50 ppm) | ၂၀၇၅ | ၂၁၄၆ |
| HSD (10 ppm) | ၂၀၇၅ | ၂၁၄၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အနောက်လျှော်ဖြူကုန်းကျေးရွာနေ လွင်မိုးအောင်သည် ၎င်းအသုံးပြုသည့် “Thar Khway Lma” Facebook အကောင့်၊ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ဇော်ဇော်အောင်(ခ)ဇော်ဇော်သည် ၎င်းအသုံးပြုသည့် “Zaw Zaw Diana” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂၄)ရပ်ကွက်နေ ညဏ်ထွန်းသည် ၎င်းအသုံးပြုသည့် “Nyan Htun” Facebook အကောင့်နှင့် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဝတ်ရည်ထွန်းသည် ၎င်းအသုံးပြုသည့် “Wutt Yee Htun” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ရွာသစ်ရပ်ကွက်နေ ဗိုလ်ဗိုလ်(ခ)ဗိုလ်ဗိုလ်အောင်နှင့် သဇင်ထွန်း(ခ) သဲတုန်တို့သည် ၎င်းတို့အသုံးပြုသည့် “Bo Bo” Facebook အကောင့်နှင့် “Thazin Htun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## လားရှိုးဂေါက်ကလပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လားရှိုး မေ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးဂေါက်ကလပ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက လားရှိုးဂေါက်ကလပ်၌ ကျင်းပသည်။

“သစ်ပင်ပေါင်း ၁၃၀၀ ကို နှစ်ကြိမ်ခွဲစိုက်ပါမယ်။ ဒီနေ့ အပင် ၆၀၀ ကျော် စိုက်မှာပါ။ ဇွန်လထဲ နောက်တစ်ကြိမ် ထပ်စိုက်ပါမယ်။ နှစ်ရှည်ပင်တွေပါပါတယ်”ဟု ဂေါက်ကလပ်ဒုဥက္ကဋ္ဌ ဦးအောင်ဇင်က ပြောသည်။

ခါတော်မှီ၊ ကံ့ကော်၊ စံကားအပါအဝင် ပန်းနှစ်ရှည်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးမည်ဖြစ်ကြောင်း ဦးအောင်ဇင်က ပြောသည်။ လားရှိုးဂေါက်ကလပ်သည် ၁၈ ကျင်းပြည့် ရှိသည့် ဂေါက်ကွင်းတစ်ခုဖြစ်ပြီး ပန်းအလှပင်များ၊ နှစ်ရှည်ပင်များဖြင့် သာယာလှပသော ဂေါက်ကွင်းတစ်ခုဖြစ်ကြောင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဂေါက်ကလပ်အမှုဆောင်များက ဦးဆောင်ခြင်းဖြစ်ပြီး ဂေါက်သီးရိုက်အားကစားသမားများ၊ ကယ်ရီမောင်မယ်များနှင့်အတူ လားရှိုးမြို့နယ် သစ်တောဦးစီးဌာနက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မမ(လားရှိုး)**

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# ပြည်ပနိုင်ငံများသို့ ခရီးသွားသူများအတွက် အာဆီယံနိုင်ငံများအသိအမှတ်ပြု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate)ကို ထုတ်ယူကြပါစို့

ဒေါက်တာသန်းနိုင်စိုး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)
ဒေါက်တာစန်းဟုန် (ကျန်းမာရေးသတင်းအချက်အလက်)

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်ရာ၌ ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များစုဆောင်းခြင်း၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုနှင့် ကာကွယ်ဆေးဖြန့်ဝေသုံးစွဲမှုများကို ဆန်းစစ်ကြီးကြပ်ခြင်း၊ ကာကွယ်ဆေးထိုးမှတ်တမ်းများထုတ်ပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန၏ နည်းပညာအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် အီလက်ထရွန်နစ် သတင်းအချက်အလက်စနစ်ဖြစ်သည့် ကာကွယ်ဆေးထိုးလုပ်ငန်းစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Vaccination Management Information System-VMIS) ကို ၂၀၂၁ ခုနှစ် ဇူလိုင်လမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစနစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများမှ ကာကွယ်ဆေးထိုးနှံပေးသူတစ်ဦးချင်း၏ ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို စာရင်းသွင်း၍ မှတ်တမ်းတင်ထားရှိပါသည်။

### လျှောက်ထားရယူနိုင်

ပြည်ပနိုင်ငံများသို့ ခရီးသွားမည့်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထား (COVID-19 Vaccination Electronic Certificate) ကို ၇-၄-၂၀၂၂ ရက်နေ့မှ စတင်၍ အွန်လိုင်းစနစ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https://c19vc.moh.gov.mm တွင် လျှောက်ထားရယူနိုင်ပြီဖြစ်ပါသည်။ ထိုသို့လျှောက်ထားနိုင်ရန်အတွက် လျှောက်ထားမည့်သူအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူဖြစ်ခြင်း၊ ကာကွယ်ဆေးထိုးအချက်အလက်များအား VMIS စနစ်တွင် စာရင်းသွင်းမှတ်တမ်းတင်ထားရှိပြီးဖြစ်၍ VMIS စနစ်မှ မြန်မာဘာသာဖြင့် ထုတ်ပေးသည့် QR code နှင့် Check ID ပါသည့် ကာကွယ်ဆေးထိုးမှတ်တမ်းရှိသူဖြစ်ခြင်း၊ ပြည်ပသို့ ခရီးသွားမည့်သူများအား ရည်ရွယ်သည့်အတွက် နိုင်ငံကူးလက်မှတ်(Passport) လက်ဝယ်ကိုင်ဆောင်ထားသူဖြစ်ခြင်းနှင့် အဆိုပါ နိုင်ငံကူးလက်မှတ် (Passport) သည် သက်တမ်းခြောက်လနှင့် အထက်ရှိသူဖြစ်ရပါမည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အထောက်အထား လျှောက်ထားရာတွင် လျှောက်ထားသူ၏အမည်၊ အဘအမည်၊ နိုင်ငံကူးလက်မှတ်နံပါတ် (Passport Number)၊ မြန်မာဘာသာဖြင့် ထုတ်ထားသော VMIS ကာကွယ်ဆေးထိုးမှတ်တမ်းပေါ်ရှိ Check ID (CHK_ID)၊ ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ စသည့်အချက်အလက်များ ဖြည့်သွင်းရန်လိုအပ်ပြီး လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (အရှေ့ဘက်)၊ နိုင်ငံကူးလက်မှတ်တွင် ဓာတ်ပုံနှင့်အချက်အလက်များ (Bio data)ပါရှိသည့်စာမျက်နှာနှင့် VMIS မြန်မာဘာသာ ဆေးထိုးမှတ်တမ်းတို့၏ဓာတ်ပုံဖိုင် (*.JPEG/JPG) များ တွဲ၍လျှောက်ထားရပါမည်။ အချက်အလက်များစုံလင်စွာ ဖြည့်သွင်းပြီးပါက CB Pay, Citizen Pay, UAB Pay, KBZ Pay တို့ကိုအသုံးပြု၍ မိုဘိုင်းငွေပေးချေမှုစနစ် (Mobile Payment)ဖြင့် လျှောက်ထားသူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် မိုဘိုင်းငွေပေးချေမှု အသုံးပြုမှုအတွက် ငွေလွှဲခ (Transaction Charge) ငွေကျပ် ၂၀၀ စုစုပေါင်း ငွေကျပ် ၅၂၀၀ ပေးသွင်းရမည်ဖြစ်ပါသည်။

လျှောက်ထားသူများသည် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းလျှောက်ထားပါက ရုံးဖွင့်ရက် ငါးရက်အတွင်း ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ်အထောက်အထားမှတ်တမ်းအား စတင်လျှောက်ထားရာ အင်တာနက်စာမျက်နှာဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ https://c19vc.moh.gov.mm တွင် Check ID (CHK_ID) နှင့် နိုင်ငံကူးလက်မှတ်နံပါတ်အသုံးပြု၍ ပြန်လည်ရယူနိုင်ပါသည်။

### ကြိုတင်၍ စိစစ်ရမည်

လျှောက်ထားသူမှ ဖြည့်သွင်းသည့် အချက်အလက်များနှင့် VMIS စနစ်တွင် မှတ်တမ်းတင်ထားသည့်အချက်အလက်များ တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်မှသာ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်းအား ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပေးခြင်းဖြစ်ပါသည်။ လျှောက်ထားသူများအနေဖြင့် ကာကွယ်ဆေးထိုးမှတ်တမ်းတွင်ပါရှိသော အချက်အလက်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံကူးလက်မှတ်တွင်ဖော်ပြထားသည့် အချက်အလက်များ တူညီခြင်း ရှိ၊ မရှိ လျှောက်ထားခြင်းမပြုမီ ကြိုတင်၍စိစစ်ရမည်ဖြစ်ပါသည်။ အချက်အလက်ကွဲလွဲမှုများရှိပါက ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့သည့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆေးရုံ၊ ဆေးထိုးစင်တာများတွင် အမှားပြင်ဆင်ခြင်းများ ဦးစွာပြုလုပ်ပြီးမှ လျှောက်ထားရမည်ဖြစ်ပါသည်။

လျှောက်ထားသူများတွင် အချက်အလက်မပြည့်စုံသူများ သို့မဟုတ် အချက်အလက်မှားယွင်းနေသူများပါရှိပါက ထိုသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်း ထုတ်ယူရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာသို့ ဝင်ရောက်သည့်အခါတွင် မှတ်တမ်းအား ထုတ်ယူရရှိမည်မဟုတ်ပါ။ အင်တာနက်စာမျက်နှာတွင် မှားယွင်းနေသည့် အချက်အလက်များကို ပြန်လည်ပြင်ဆင်ရန်လိုအပ်ကြောင်းကို အသိပေးမည် ဖြစ်ပါသည်။ ထိုသို့အသိပေးချက်ကိုရရှိပါက လိုအပ်သည့် ပြင်ဆင်မှုများဆောင်ရွက်၍ ပြန်လည်လျှောက်ထားနိုင်ပါသည်။ ထိုကဲ့သို့ အမှားပြင်ဆင်လျှောက်ထားခြင်းအတွက် နောက်တစ်ကြိမ် ငွေပေးသွင်းရန် မလိုအပ်ပါ။

### ဆက်သွယ်ဆောင်ရွက်နိုင်

အကြောင်းအမျိုးမျိုးကြောင့် ထုတ်ပေးပြီးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်း ပျောက်ဆုံးပါက https://c19vc.moh.gov.mm တွင် Check ID (CHK_ID) နှင့် နိုင်ငံကူးလက်မှတ်နံပါတ်အသုံးပြု၍ အကြိမ်ရေအကန့်အသတ်မရှိ ထပ်မံရယူခြင်း (download) ပြုလုပ်နိုင်ပါသည်။ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ်အထောက်အထားမှတ်တမ်းကို အင်တာနက်စာမျက်နှာမှတစ်ဆင့် လျှောက်ထားမှုနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာရှိပါက ကျန်းမာရေးဝန်ကြီးဌာန၏ အီးမေးလ်လိပ်စာဖြစ်သည့် c19vc@mohs.gov.mm သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။




**ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အီလက်ထရွန်နစ်အထောက်အထားမှတ်တမ်းတွင်ပါရှိသည့် QR Code မှတစ်ဆင့် ASEAN Covid-19 Vaccine Certificate Single Verification Portal ဖြစ်သော https://asean.healthverify.org တွင် အာဆီယံနိုင်ငံအချင်းချင်း စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်နိုင်ပြီဖြစ်သည့်ပုံ**

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်း ရယူခြင်းဖြင့် ပြည်ပနိုင်ငံသို့ခရီးသွားမည့်သူများအနေဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်၏မှတ်တမ်းတွင်ပါရှိသည့် QR Code အား မည်သည့်မိုဘိုင်းဖုန်း သို့မဟုတ် တက်ဘလက်ဖြင့်မဆို Scan ဖတ်၍ အချက်အလက်များ ရယူနိုင်မည်ဖြစ်ပါသည်။ အဆိုပါ ကာကွယ်ဆေးထိုးမှတ်တမ်းအား ကိုင်ဆောင်ထားပါက သက်ဆိုင်ရာပုဂ္ဂိုလ်၏ ကာကွယ်ဆေးထိုးနှံပြီးစီးမှုနှင့်ပတ်သက်၍ အလွယ်တကူ တိုက်ဆိုင်စိစစ်နိုင်သည့်အပြင် မည်သည့်နေ့ရက်များတွင် မည်သည့်ကာကွယ်ဆေးအမျိုးအစားထိုးနှံထားကြောင်းကို အတည်ပြုချက် ရယူနိုင်ပါသည်။

### အတည်ပြုပြီးဖြစ်

ယခုအခါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးသူများအား အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုကဏ္ဍတွင် ဖြေလျှော့ပေးမှုများစွာ ဆောင်ရွက်ပေးနေခြင်းနှင့်အတူ ပြည်ပမှဝင်ရောက်လာမည့် ခရီးသွားများကိုင်ဆောင်မည့် ကာကွယ်ဆေးထိုးမှတ်တမ်းများကို နိုင်ငံအချင်းချင်း အသိအမှတ်ပြုနိုင်ရန် အထူးလိုအပ်လျက်ရှိပါသည်။ အာဆီယံနိုင်ငံများအချင်းချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးမှတ်တမ်းများ အပြန်အလှန် အသိအမှတ်ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် https://c19vc.moh.gov.mm မှတစ်ဆင့် ထုတ်ပေးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) အား အာဆီယံနိုင်ငံများအချင်းချင်း ကာကွယ်ဆေးထိုးမှတ်တမ်းများ အပြန်အလှန် အသိအမှတ်ပြုခြင်းစနစ် (ASEAN Single QR Code Verification Portal)တွင် တရားဝင်အသိအမှတ်ပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ် မေလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့တို့၌ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး (15th ASEAN HEALTH MINISTERS MEETING) တွင် အတည်ပြုပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၅-၅-၂၀၂၂) ရက်နေ့မှစတင်ကာ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ခရီးသွားမည့်သူများအတွက် အထက်ဖော်ပြပါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်းအား ASEAN Covid-19 Vaccine Certificate Single Verification Portal ဖြစ်သော https://asean.healthverify.org မှတစ်ဆင့် စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ ☆

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ပေါက်ခေါင်း မေ ၂၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ ပူးပေါင်း၍ ပေါက်ခေါင်းမြို့ပေါ် ရပ်ကွက်များအတွင်းသို့ ဒုတိယအကြိမ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက အမှတ်(၃)ရပ်ကွက်အတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ဆက်လက်ဆောင်ရွက်သွားမည်**

ထိုသို့ ဆောင်ရွက်ရာတွင် မိုးတွင်းကာလသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခြင်များအလွယ်တကူ ပေါက်ပွားနိုင်သည့် ရေတွင်း၊ ရေကန်များ၊ ရေစည်၊ ရေပုံးများအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကာ ကျန်ရှိသည့်ရပ်ကွက်၊ ကျေးရွာများသို့ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဂရန်အင်းများ လေလံတင်ရောင်းချပွဲ ကျင်းပ

ညောင်လေးပင် မေ ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်လေးပင်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခုနှစ် ဂရန်အင်းများနှင့် တင်ဒါချက်များ ပထမအကြိမ် ရောင်းချခြင်းအခမ်းအနားကို မေ ၁၉ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ဝင်းက လေလံတင်ရောင်းချခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အမှာစကား ပြောကြားသည်။

ညောင်လေးပင်မြို့နယ်တွင် ရောင်းချမည့်ဂရန်အင်းများ ၂၀ ရှိသည့်အနက် ရှစ်အင်းနှင့်တင်ဒါချက် ၁၄ ချက်ရှိသည့်အနက် တင်ဒါချက်ရှစ်ချက်တို့ကို ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)



# မိုးဦးရာသီစာ အင်ဥများ ဈေးကွက်ဝင်ရောက်လာ

ရေတာရှည် မေ ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မိုးဦးရာသီကာလ၌ တောင်ပေါ်ဒေသများမှထွက်ရှိသော အင်ဥများ ယခုရက်ပိုင်း ဈေးကွက်သို့ ဝင်ရောက်လာသည်ကို တွေ့ရသည်။



တောင်ပေါ်ဒေသ အင်ပင်များပေါက်ရောက်သော တောင်ကမူများ၊ စွတ်စိုသည့်နေရာများ၌ အင်ဥကို အစုလိုက် မြေတစ်ဝက်ဖုံးအနေအထားဖြင့် တွေ့ရှိရလေ့ရှိကာ မြို့ပေါ်တွင် နို့ဆီဘူးတစ်ဘူးလျှင် ငွေကျပ် ၁၅၀၀ ဖြင့်လည်းကောင်း၊ တိုက်ရိုက်လာရောက်ရောင်းချသူများထံမှ နို့ဆီတစ်ဘူးလျှင် ငွေကျပ် ၁၀၀၀ ဖြင့်လည်းကောင်း ဝယ်ယူရရှိနိုင်သည်။

ပေါ်ဦး ပေါ်ဖျား အင်ဥသည် လတ်ဆတ်ပြီး အသားနု၍ ချက်စားလို့ကောင်းသည်ဖြစ်ရာ ဈေးကြီးသော်လည်း တစ်ခဏအတွင်း ကုန်အောင် ရောင်းရသည်ဟု သိရသည်။ "အင်ဥတွေကလည်း ရှာရတာမလွယ်ပါဘူး။ တစ်ပြည်၊ နှစ်ပြည်ရဖို့ကို တစ်နေကုန် ထမင်းထုပ်နဲ့ရှာရတာ။ အချို့ဝယ်သူတွေက ဈေးတအားဆစ်တော့ မရောင်းနိုင်ဘူးလေ။ မြို့ပေါ်တက်ရောင်းတော့ တန်ရာတန်ဈေးလေးရတော့ အဆင်ပြေတာပေါ့"ဟု အင်ဥရောင်းသူတစ်ဦးက ပြောသည်။

ကိုလွင်(ဆွာ)

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာများ ရွေးချယ်

ကျိုက်ထို မေ ၂၀

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျိုက်ထိုမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာများရွေးချယ်ခြင်း အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များက စီမံကိန်းဆောင်ရွက်မည့် ကျေးရွာသုံးရွာကို အကြံပြုရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

၂၂၂

## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

☆ စာမျက်နှာ ၁၆ မှ

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ် အထောက်အထားမှတ်တမ်း ထုတ်ပေးသည့်စနစ်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်းစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်(VMIS)တို့ ကောင်းမွန်စွာ လည်ပတ်နိုင်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာနမှ နည်းပညာကျွမ်းကျင်သူများက ကူညီပေးလျက်ရှိပြီး မြန်မာနိုင်ငံမှ ထုတ်ပေးသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက် ထရောနစ် အထောက်အထားမှတ်တမ်းကို အနောက်နိုင်ငံများအတွင်း အသိအမှတ်ပြုမှု အစီအစဉ်ဖြစ်သည့် European Union Digital COVID Certificate (EU DCC)တွင် ပါဝင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မိဘပြည်သူများအနေဖြင့် မိမိတို့၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသည့် အချက်အလက်များအား ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုနေသည့် ကာကွယ်ဆေးထိုးလုပ်ငန်းစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်(VMIS)တွင် မပျက်မကွက် စာရင်းမှတ်တမ်းထားရှိကြပါရန်နှင့် ပြည်ပသို့ ခရီးသွားရန်ရှိပါက ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုနှင့် ပတ်သက်၍ ခိုင်လုံသည့် အထောက်အထားဖြစ်သော အာဆီယံနိုင်ငံအချင်းချင်း အသိအမှတ်ပြုမှုရရှိထားသည့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးကြောင်း အီလက်ထရွန်နစ်အထောက်အထားမှတ်တမ်း (COVID-19 Vaccination Electronic Certificate) အား ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ https://c19vc.moh.gov.mm မှ တစ်ဆင့် လျှောက်ထားရယူကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။



REPUBLIC OF THE UNION OF MYANMAR
INTERNATIONAL COVID-19 VACCINATION CERTIFICATE

QR code

SR_ID:#000003379

NAME GENDER DOB

FATHER NAME: PASSPORT NO

PHONE NO: NATIONALITY MYANMAR

| Vaccine Dose | Product Name | Vaccine Manufacturer | Date of Vaccination (DD/MM/YYYY) |
|---|---|---|---|
| 1st Dose | Sinopharm | BIBP | 19/11/2021 |
| 2nd Dose | Sinopharm | BIBP | 17/12/2021 |

www.moh.gov.mm IssueDate(DD/MM/YYYY): 29/04/2022

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အီလက်ထရွန်နစ်အထောက်အထားမှတ်တမ်း(Covid-19 Vaccination Electronic Certificate) နမူနာပုံစံ



✪ ကျောဖုံးမှ

(–65) ကီလိုတန်း(အတိုက်)ပြိုင်ပွဲတွင် မဝေသူလွင်မှ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ဘိလိယက်နှင့်စနူကာအားကစားနည်းမှ English Billiards Double ပြိုင်ပွဲတွင် မောင်ပေါက်စနှင့် မောင်မင်းစည်သူထွန်းတို့က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ကနူးလှေလှော် မီတာ(၅၀၀) (C4 W) ပြိုင်ပွဲတွင် မောင်ဝင်းထိုက်၊ မောင်မင်းနိုင်၊ မောင်မျိုးလှိုင်ဝင်း၊ မောင်သန့်ဇင်ဦးတို့က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ လက်ဝှေ့အားကစားနည်းမှ (–52) ကီလိုတန်းတွင် မောင်လင်းထွဋ်ပိုင်နှင့် (–48) ကီလိုတန်းတွင် မောင်အေးငြိမ်းထူးတို့က ကြေးတံဆိပ် တစ်ခုစီကိုလည်းကောင်း၊ ဂျူဒိုအားကစားနည်းမှ (–52)ကီလိုတန်းတွင် မအေးမာလာက ကြေးတံဆိပ် တစ်ခုကိုလည်းကောင်း၊ အလေးမအားကစားနည်းမှ (59) ကီလိုတန်းတွင် နော်တာဘိုးရာက ကြေးတံဆိပ်ဆုကို လည်းကောင်း ဆွတ်ခူးရရှိကြသည်။

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာအားကစားအဖွဲ့မှ Grand Vista Hanoi Hotel ၌ နေထိုင်သည့် ဂျူဒိုအားကစားသမားများနှင့် Grand Phonelx Hotel ၌ နေထိုင်သည့် လက်ဝှေ့အားကစားသမားများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့က သွားရောက်တွေ့ဆုံနှုတ်ဆက်၍ အားကစားသမားများကို ပြိုင်ပွဲပြီးဆုံးသည့် နောက်ဆုံးအချိန်အထိ မြန်မာတို့၏မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားအားထုတ်မှုကို ပြသ၍ယှဉ်ပြိုင်သွားကြရန်၊ အားကစားဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ကြရန်နှင့် အောင်မြင်မှုရရှိသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက စောင့်မျှော်အားပေးဂုဏ်ပြုကြမည်ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ပြီး ဆုတံဆိပ်များရရှိခဲ့ကြသည့် အားကစားသမားများကို နိုင်ငံတော်မှ ထပ်ဆောင်းချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ ရွှေတံဆိပ်ဆု (၃)ထောင်၊ ငွေတံဆိပ်ဆု (၂)ထောင်၊ ကြေးတံဆိပ်ဆု (၁)ထောင်ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ Soc Son Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဗိုဗီနမ် အားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟနွိုင်းမြို့ရှိ Ha Dong Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဘိလိယက်၊ E–Sports၊ ဘော်လီဘော၊ ကနူးလှေလှော်၊ ဂျူဒို၊ ဗိုဗီနမ်၊ အလေးမ၊ လက်ဝှေ့ အားကစားနည်းများတွင် မြန်မာအားကစားအဖွဲ့များမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မေ ၂၁ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သေနတ်ပစ်၊ စစ်တုရင်၊ ဘိလိယက်၊ ကနူး၊ ပိုက်ကျော်ခြင်း၊ E–sports၊ အမျိုးသမီး(ဘောလုံး)၊ ဂျူဒို၊ အလေးမ၊ ဗိုဗီနမ်၊ လက်ဝှေ့ အားကစားပြိုင်ပွဲများကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ် ၈ ခု၊ ငွေတံဆိပ် ၁၅ ခုနှင့် ကြေးတံဆိပ် ၂၆ ခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၄၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှု အဆင့် ၇ တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားသမားအဖွဲ့ တတိယအသုတ်အား ကြိုဆို

ရန်ကုန် မေ ၂၀



၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် ကျင်းပနေသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့ တတိယအသုတ်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည်။

**ဂုဏ်ပြုကြိုဆို**

အဆိုပါအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်း၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိဘပြည်သူများက ပန်းစည်းများဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အတူ ငွေတံဆိပ်ဆုရရှိခဲ့သည့် ပြေးခုန်ပစ်အားကစားနည်းမှ ခင်မာဆယ် (မီတာ ၁၀၀၀၀)၊ ဇင်မေထက် (လမ်းလျှောက်)၊ ဂျူဒိုအားကစားနည်းမှ နွယ်နီပွင့်လှိုင် (–၆၃)ကီလို၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ဒေစီဦးဂျူလီယက် (–၄၉)ကီလိုနှင့် ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသည့် ပီတန်းအားကစားနည်း (Mixed Triple) ပြိုင်ပွဲမှ ထွေးကိုကို၊ တင်တင်ဝေ၊ ကံ့ကော်သန့်ဇင်၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ဇော်လင်းထက် (–၆၃) ကီလို၊ ထက်ဇော်လင်း(–၈၀) ကီလို၊ ကျော်မင်းနိုင် (–၈၇)ကီလို၊ ဗိုဗီနမ်အားကစားနည်းမှ ဇင်မာခိုင် (–၆၅) ကီလို၊ နှင်းသက်ဝေ (–၅၅) ကီလို၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ အောင်မျိုးနိုင်(Double Men)၊ မြားပစ်အားကစားနည်း ပြည့်စုံနှင်း၊ သီတာနွယ်၊ ယမင်းသူ (Recurve Women Team)တို့နှင့်အတူ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ Kurash၊ လှေလှော်၊ ပီတန်း၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒို၊ မြားပစ်၊ သေနတ်ပစ်၊ ဗိုဗီနမ်၊ အလေးမ၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ဘိလိယက်နှင့် စနူကာတို့မှ အားကစား အဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ ပြန်လည် လိုက်ပါလာကြောင်း သိရသည်။ **သတင်းစဉ်**

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၂၀-၅-၂၀၂၂

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၁၆၃ | ၉၇ | ၉၅ | ၃၅၅ |
| ထိုင်း | ၆၇ | ၇၆ | ၁၀၈ | ၂၅၁ |
| အင်ဒိုနီးရှား | ၅၀ | ၇၀ | ၆၄ | ၁၈၄ |
| စင်ကာပူ | ၄၇ | ၄၃ | ၆၁ | ၁၅၁ |
| ဖိလစ်ပိုင် | ၄၃ | ၅၉ | ၉၃ | ၁၉၅ |
| မလေးရှား | ၃၆ | ၄၀ | ၇၉ | ၁၅၅ |
| မြန်မာ | ၈ | ၁၅ | ၂၆ | ၄၉ |
| ကမ္ဘောဒီးယား | ၇ | ၉ | ၂၆ | ၄၂ |
| လာအို | ၁ | ၇ | ၂၂ | ၃၀ |
| ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| တီမောလက်စ်တေ | ၀ | ၂ | ၁ | ၃ |

❖ ဆီးဂိမ်းမှ

စင်ကာပူအသင်းသည် ပထမပွဲငယ်တွင် ၁၀၁–၆၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၀၂–၆၃ မှတ်ဖြင့် နှစ်ပွဲဆက် အနိုင်ရခဲ့သည်။ သို့သော် တတိယပွဲငယ်တွင် မြန်မာအသင်းက ၁၀၀–၃၆ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သဖြင့် စတုတ္ထပွဲငယ် ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ ယင်းပွဲငယ်တွင် စင်ကာပူအသင်းက ၁၀၂–၈ မှတ်ဖြင့် အနိုင်ယူကာ ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့သည် ယခုဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက်ပြိုင်ပွဲအမျိုးအစား နှစ်မျိုးစလုံး၌ ဆုတံဆိပ်ရရှိခဲ့ပြီး ရွှေတစ်ခု၊ ငွေတစ်ခု ရယူနိုင်ခဲ့သည်။ **ကိုညီလေး**

# မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

မန္တလေး မေ ၂၀




၂၀၂၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ အားကစားကွင်း Multipurpose Stadium တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗိုလ်လုပွဲစဉ် အမျိုးသားဘော်လီဘော ပြင်ဦးလွင်ခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ပြင်ဦးလွင်ခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်က ကျောက်ဆည်ခရိုင် အမျိုးသမီးအသင်းနှင့် ပြင်ဦးလွင်ခရိုင် အမျိုးသားအသင်း တို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်သည်။

**ချီးမြှင့်**

ထို့နောက် ပထမဆုရ ကျောက်ဆည်ခရိုင် အမျိုးသမီးအသင်းနှင့် ပြင်ဦးလွင်ခရိုင် အမျိုးသားအသင်း တို့အား ဆုတံဆိပ်များကို လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရ ကျောက်ဆည်ခရိုင် အမျိုးသမီးအသင်းမှ မဆုမွန်ဝင်းနှင့် ပြင်ဦးလွင်ခရိုင် အမျိုးသားအသင်းမှ မောင်ကျော်ဇေယျာထွန်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုကျပ် တစ်သိန်းစီကို လည်းကောင်း၊ ဒုတိယဆုရ ကျောက်ဆည်ခရိုင် အမျိုးသားအသင်းအား ဆုတံဆိပ်နှင့် ငွေသားဆုကျပ် ၇၅၀၀၀၀ ကို လည်းကောင်း၊ ပူးတွဲတတိယဆုရ မြင်းခြံခရိုင် အမျိုးသမီးအသင်းနှင့် ညောင်ဦးခရိုင် အမျိုးသမီးအသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုကျပ် ငါးသိန်းစီကို လည်းကောင်း၊ ပူးတွဲတတိယဆုရ မိတ္ထီလာခရိုင် အမျိုးသားအသင်းနှင့် ညောင်ဦးခရိုင် အမျိုးသားအသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုကျပ် ငါးသိန်းစီလည်းကောင်း၊ ဒုတိယဆုရ ပြင်ဦးလွင်ခရိုင် အမျိုးသမီးအသင်းအား ဆုတံဆိပ်နှင့် ငွေသားဆုကျပ် ၇၅၀၀၀၀ တို့ကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# နုသော

ဆင်ဖြူကျွန်းအောင်သိန်း

မှေးစင်းလေးလံနေသော မျက်လုံးအစုံကို ကြိုးစားဖြဲဖွင့်ကာ ကိုဆေးရိုးမှာ အိပ်ရာမှ ထထိုင်လိုက်ရသည်။ ရွာထဲမှ အုတ်အုတ်ကျက်ကျက်အသံများသည် ကိုဆေးရိုး၏နားထဲသို့ ဝဲပျံ့ဝင်ရောက်လာ၏။

"သံဃာတော်တွေ ကြွလာပြီဗျို့"

ရွာထိပ်တံခါးမှ ကာလသားခေါင်း၏အသံကြီးကိုပါ တစ်ဆက်တည်းကြားရသည်။

"ဘုန်းကြီးတွေ ကြွလာပြီတဲ့ဟေ့"

သတင်းစကားသည် နှုတ်ဆင့်ကမ်း၍ ရွာလယ်သို့ ရောက်လာ၏။ ရွာလယ်မှတစ်ဆင့် ရွာတောင်ဖျားဘက်သို့ ရွေ့သွားကာ တရွေ့ရွေ့ဝေးလံသွားသည်။

"ဘုန်းကြီးတွေ ကြွလာပြီတဲ့ဟေ့။ ဟဲ့ မိအေးတို့ မထကြသေးဘူးလား။ ဟိုဘက်က ငကြွက်တို့၊ မိပေါ်တို့ အိမ်ကကော၊ ဟေ့ ဆေးရိုးတို့၊ ကျီးဒန်တို့ ဘုန်းကြီးကြွလာပြီ"

မြောက်ဘက်အိမ်မှ ဒေါ်အေးဘုံသည် အိမ်နီးချင်းများကို လိုက်လံနှိုးဆော်နေလေသည်။ ကိုဆေးရိုးမှာ ပုဆိုးကိုပြင်ဝတ်ကာ တဲနောက်ဖေးရေအိုးဆီသို့ အပြေးအလွှား ထလာခဲ့ရသည်။

"မိန်းကလေးရေ၊ ညည်းအဖေကို နှိုးလိုက်စမ်းဟေ့" ဟူသော မကျီးဒန်၏ အသံက အိမ်ရှေ့မှ ထွက်ပေါ်လာပြန်၏။

"ငါ နိုးနေပြီဟေ့"

ကိုဆေးရိုးက မျက်နှာသစ်ရင်း အော်လိုက်ကာ မျက်နှာကို ပုဆိုးဖြင့်သုတ်ရင်း အိမ်ရှေ့သို့ ထွက်လာသည်။ အေးမြသော ရေကြည်ဖြင့်ဆေးကြောသုတ်သင်ရသည့်တိုင်အောင် မျက်လုံးအစုံမှာ ကျိန်းစပ်စပ်ဖြစ်နေဆဲရှိသေး၏။

"ဖြည်းဖြည်းလုပ်ပါ ကိုဘကျော်ရဲ့။ သံဃာတော်တွေက ရွာပြင်မှာပဲ ရှိပါသေးတယ်"

မမြက ခင်ပွန်းသည် ကိုဘကျော် အလဲလဲအကွဲကွဲ လုပ်ကိုင်နေသည်ကို ကြည့်ပြီး ပြောလိုက်သောအသံ။

"ဟဲ့ ဒီနားက မြင်းခုံကလေး ဘယ်ရောက်သွားလဲ။ တယ် ငါ သေသေချာချာထားခါမှ"

မအေးကြွယ်တို့ အိမ်ဘက်မှ ဆွမ်းတောင်းတင်စရာခုံ ရှာမတွေ့သောကြောင့် ဆူပူသံ။

"လှအောင်ရေ တံခါးပိတ်ထားဦးဟေ့၊ ဆွမ်းခူးတုန်းမို့ပါဟဲ့"

အဘွားချစ်ဆုံ၏ ရွာတံခါးဝမှနေပြီး သံဃာတော်များကို ဆီးတားထားသော ကာလသားခေါင်းထံ လှမ်းအော်သံ စသည်တို့ဖြင့် တစ်ရွာလုံးမှာ ဆူညံနေလေ၏။ လူသံများသာလျှင် ဆူညံသည်မဟုတ်။ ခွေးဟောင်သံ၊ တစ်ကောင်နှင့်တစ်ကောင် ကိုက်သံများကလည်း လူသံနှင့် ရောပေါ်လာကာ အိပ်တန်းမှ လန့်ပျံဆင်းလာကြသော ကြက်များ၏ အော်သံများကပါ ရောနှောထွက်ပေါ်လာလေ၏။

အရုဏ်ဦး၏ အမှောင်ရိပ်မှာ မပြယ်သေးချေ။ ကိုဆေးရိုးသည် မကျီးဒန်နှင့် ချောစိန်၏ကြားတွင် ဆောင့်ကြောင့်ထိုင်လျက် ရှေ့တူရူရှိ ရွာစည်းရိုးကို ငေးကြည့်နေ၏။ ရွာပြင်ရှိ ဘုရားပျက်တောကြီးမှာ မည်းနက်သော ကုန်းတန်းကြီးအဖြစ် နောက်ခံထားသဖြင့် ရွာစည်းရိုးမှာ တွယ်ကပ်နေသော နွယ်ပင်များကို သဲသဲကွဲကွဲမမြင်ရပေ။ အပေါ်သို့ မော့ကြည့်လျှင်ကား ကောင်းကင်မှာ ပွင့်နေပြီ။ လင်းနေပြီ။ အောက်ခြေတွင်ကား မှောင်ဆဲပင် ရှိသေး၏။ ကိုဆေးရိုးသည် မည်းမည်းအရိပ်မျှသာမြင်ရသော ရွာစည်းရိုးပေါ်က "ဆီခွဲပင်" ကလေးများ၊ "ကြွက်နားပေါင်း"ပင်ကလေးများကို စိုက်ကြည့်နေမိလေသည်။ နွယ်ညွန့်ကလေးများသည် အတာကာလကို ကြိုဆိုနေသည်သို့ ညွန့်ရှင်လန်းလန်းစွင့်ထောင်နေလေသည်ဟု ထင်ရ၏။ ပူအိုက်သော ရာသီဖြစ်ပေမယ့် သင်္ကြန်ကာလသို့ရောက်လျှင် ရင်ထဲကကို အေးချမ်းလာ၏။ မြူမှုန်မွဲမွဲနှင့် အုံ့မှိုင်းနေသော သစ်ပင်ကြီးများကိုပင် အလိုလိုလန်းရွှင်ကော့ထောင်လာသည်ထင်၏။

"ကိုဆေးရိုး ငိုက်နေသလား" မကျီးဒန်က လှမ်းမေးလိုက်လျှင် ကိုဆေးရိုးက ခွေးခြေပေါ်မှ ခြေတွဲလွဲချ၍ ပြင်ထိုင်လိုက်သည်။

"မငိုက်ပါဘူးအေ။ ညည်းကလည်း ငါ့ကိုပဲ အပြစ်တင်ဖို့ စောင့်ကြည့်နေတာပဲ"

"သံဃာတော်တွေ ကြွလာပြီဗျို့" ရွာထိပ်မှ အသံထွက်ပေါ်လာလေ၏။ ကိုဆေးရိုးသည် ရွာတံခါးဝဆီသို့ လည်ပင်းဆန့်တန်းကြည့်လိုက်၏။ မှောင်ရိပ်မပြယ့်တပြယ်တွင် တရွေ့ရွေ့လှုပ်ရှားနေသော မည်းမည်းအရာများမြင်ရ၏။ ဘုန်းကြီးလား၊ တောင်းထမ်းသော ကျောင်းသားတွေလား၊ ရွာသားတွေလားဟူ၍ကား မကွဲပြားပေ။ သို့ရာတွင် ကိုဆေးရိုးက တောင်ဘက်ပိုင်းသို့ လှည့်ကာ "ဟေ့ ဘုန်းကြီး ကြွလာပြီတဲ့ဟေ့" ဟု သံကုန်ဟစ်လိုက်လေ၏။ တောင်ပိုင်းကလည်း အလားတူ အော်ဟစ်သံများ တစ်ယောက်တစ်ပေါက်ပေါ်လာကာ တဖြည်းဖြည်းဝေးသွားလေသည်။

"သမီးက ဆွမ်းအဆင်သင့်ခူးထားဟေ့"

"လောက်ပါတယ် ကျီးဒန်ရယ်၊ ဒီမှာတစ်ဇလုံ၊ ခုံပေါ်မှာလည်း တစ်တောင်းခူးထားတာပဲ။ နေပစေ မိန်းကလေး၊ မသွားနဲ့တော့"

ကိုးဆေးရိုးက မကျီးဒန်ကိုပြောရာက ချောစိန်ကို လှည့်ပြောလိုက်ပြီးနောက် တရွေ့ရွေ့နီးကပ်လာသော သံဃာတော်များကို လှမ်းမျှော်ကြည့်နေ၏။

"တော်တော်ကြာ မလောက်မငဖြစ်မှ သားအဖနှစ်ယောက် ကျွက်စီကျွက်စီ မလုပ်နဲ့"

မကျီးဒန်က မုန့်ဖက်ထုပ်ဇလုံကြီးကို လက်တစ်ဖက်က ပွေ့ပိုက်ထားလျက် လက်တစ်ဖက်က တဘက်ကို ရင်ဘတ်ပေါ်သို့ နေရာတကျဆွဲချရင်း ထပ်ကွန့်လိုက်ပြန်ရာ

"မလောက်လည်း မတတ်နိုင်ဘူးဟေ့၊ အကုန်ခူးလာတာပဲ"

ကိုဆေးရိုးက ပြောပြောဆိုဆိုနှင့် ဆွမ်းစေ့များထဲသို့ လက်ဖက်

"သံဃာတော်တွေ ကြွလာပြီဗျို့" ရွာထိပ်မှ အသံထွက်ပေါ်လာလေ၏။ ကိုဆေးရိုးသည် ရွာတံခါးဝဆီသို့ လည်ပင်းဆန့်တန်းကြည့်လိုက်၏။ မှောင်ရိပ်မပြယ့်တပြယ်တွင် တရွေ့ရွေ့လှုပ်ရှားနေသော မည်းမည်းအရာများမြင်ရ၏။ ဘုန်းကြီးလား၊ တောင်းထမ်းသော ကျောင်းသားတွေလား၊ ရွာသားတွေလား ဟူ၍ကား မကွဲပြားပေ။ သို့ရာတွင် ကိုဆေးရိုးက တောင်ဘက်ပိုင်းသို့လှည့်ကာ "ဟေ့ ဘုန်းကြီး ကြွလာပြီတဲ့ဟေ့" ဟု သံကုန်ဟစ်လိုက်လေ၏။

ရည်ပန်းကန်ကို တိုးခပ်လျက် မိမိရှေ့သို့ ရောက်နေပြီဖြစ်သည့် သံဃာတော်တစ်ပါး၏ သပိတ်ထဲသို့ လောင်းထည့်လိုက်လေ၏။ သို့သော်လည်း မကျီးဒန်မှာ အမျှင်မပြတ်နိုင်သေးဘဲ "မကျန်တော့ဘူးဟေ့လို့ စောစောက ပြောပါတော့လား" ဟု ထပ်ဆင့်လိုက်ရင်း မုန့်တစ်ထုပ်ကို ကိုင်မြှောက်ထားလိုက်စဉ် သံဃာတော်အရှင်မြတ်မှာ မကျီးဒန်ရှေ့သို့ ရောက်ရှိတော်မူလေ၏။

ထိုကိုယ်တော်သည် သပိတ်ဖုံးကို ဖွင့်ပေးကာ "အခါကြီးရက်ကြီးမှာ ရန်ဖြစ်နေကြသလား။ ဒေါသရံသော ဒါနဖြစ်နေမယ်လေ"ဟု မိန့်တော်မူလိုက်ပြီး ကြွသွားတော်မူလေ၏။

"တင်ပ့ါဘုရား"

မကျီးဒန်မှာ ယောင်၍အော်လိုက်မိပြီးနောက် ပါးစပ်ဟောင်းလောင်းကျန်ရစ်ခဲ့သည်။

"သရက်ချင်ကျောင်းက ဦးဇင်းကြီးရယ် အမေရဲ့" "ဒီမှာ နေ့တိုင်း ဆွမ်းခံကြွနေတာပဲဟာ တို့ကိုသိနေတာပေါ့"

ကိုဆေးရိုးက ဆွမ်းတစ်ပန်းကန်ကိုခပ်၍ အသင့်ပြင်ရင်း လှည့်ပြောလိုက်သည်။

ဦးပဉ္စင်းကြီးဆိုသည်မှာ ဦးပဉ္စင်းပင်ဖြစ်၏။ သို့ရာတွင် အသက်ကြီး၍ အသက်နှင့်မမျှအောင် ဝါငယ်သော ဦးပဉ္စင်းမျိုးဖြစ်ကာ အသက်ကိုထောက်ပြီး "ကြီး"တပ် ခေါ်ဝေါ်ခြင်းဖြစ်ပေသည်။ ဝါငယ်သော ပဉ္စင်းတစ်ပါးက ရှေ့ဆုံးမှ ကြွရောက်လာခြင်းမှာကား သံဃာတော်များ တစ်နေရာတွင် စုရုံးပြီးမှ ကြွလာခြင်းမျိုး မဟုတ်သောကြောင့် ထေရ်ကြီး ဝါကြီး ဆရာတော်များက နောက်ဆုံးမှ ရောက်လာချင်လည်း ရောက်လာ၏။ သာမဏေကလေးက ရှေ့ဆုံးရောက်ချင်လည်း ရောက်နေပေသည်။

သံဃာတော်အပါး ငါးဆယ်လောက်ကို ဆက်တိုက် လောင်းလှူလိုက်ရပြီးနောက် သံဃာဆက် ပြတ်သွား၏။ အလင်းရောင်လည်း ပြေပြေလာနေပြီ။ ကိုဆေးရိုးသည် ခေါင်းကို လမ်းမလယ်ဆီသို့ တိုးကာ ဝဲယာ၌ စီတန်းနေသော ကုသိုလ်ရှင်များကို လှမ်းကြည့်သည်။ မြင်ရသည်မှာ မကြည်လင်လှပေ။ ကိုဆေးရိုးသည် နောက်သို့ဆုတ်၍ ခွေးခြေပေါ်မှာ ထိုင်နေမိ၏။ ရွာစည်းရိုးရှိ မိုးနံ့ချုံများကို ကြည့်ရသည်မှာ မှုန်ဝါးဝါးနေသည်ထင်သဖြင့် မျက်လုံးကို လက်ဖနောင့်ဖြင့် ပွတ်နေမိသည်။ မျက်လုံးမှာ ပို၍ကျိန်းစပ်လာ၏။

ကျိန်းမည်ဆိုက ကျိန်းလောက်ပေသည်။ ကိုဆေးရိုးမှာ ညက ကြက်ဦးတွန်မှ တစ်မှေးဝင်လှဲနိုင်သည်။ ညည့်ဦးပိုင်းတွင် မုန့်အပေါက်အပြဲကလေးများရှိလျှင် ပေးကြပါဟူ၍ မုန့်ဖက်ထုပ်ထက် ချောစိန်ကိုသာ လာရောက်အုံဝိုင်းရစ်လှည့်လာသော ကာလသားများ တအုန်းအုန်းမှာ သန်းခေါင်ကျော်မှ ရှင်းသွား၏။

"ဆေးရိုး အိပ်ပြီလားဟေ့"

ကာလသားများ စဲသွားသော် ကိုဆေးရိုးမှာ ပေါင်းချောင်နှင့် ပေါင်းခံများကို တဲထဲသို့သွင်းပြီးနောက် ဆွမ်းအိုးတည်ရန် ပြင်ဆင်နေစဉ် ကိုပိတ်စက တဲနောက်ဖေးချောင်းဘက်မှ တက်လာသည်။

"မအိပ်သေးဘူးဟေ့၊ ဆွမ်းအိုးတည်ပြီးတာနဲ့ လင်းမှာပဲ"

ကိုဆေးရိုးက ဆန်ဆေးရာမှ ပြန်၍အသံပေး၏။ ကိုပိတ်စက ကိုဆေးရိုးအနားသို့ လာထိုင်၏။

"ဘာလုပ်ကြသေးလဲကွ"

"မုန့်ဖက်ထုပ် လုပ်တယ်ကွ၊ စားချင်ရင်တော့ အပေါက်တွေရှိတယ်"

"မစားချင်ပါဘူးကွာ။ ကြက်သွန်ခင်းကို သွားကြည့်ရာက ပြန်လာတာ"

ကိုပိတ်စက တစ်ခြမ်းလောင်နေသော သူ့ဖက်ဖြူလိပ်ကို မီးခွက်တွင် ရှို့မြိုက်ရင်း ပြောလိုက်ရာက "ဒီပြင်အချိန်မှာ မုန့်ဖက်ထုပ်ဟာ စားကောင်းတယ်။ ဟောဒီ တန်ခူးလတို့၊ သီတင်းကျွတ်လတို့ဆိုရင် အနံ့နံတာနဲ့ အီနေတယ်"

"အေးကွ"

ကိုဆေးရိုးသည် ရေဆူမှ ဆန်ခတ်ရန်အတွက် ဆန်ကို အင်တုံထဲမှာ စိမ်ပစ်ခဲ့ပြီး ထမင်းအိုးထဲမှာ ရေထည့်လျက် မီးဖိုဆီသို့ သယ်ယူလာသဖြင့် ကိုပိတ်စက နောက်ကလိုက်လာသည်။

"မုန့်ဖက်ထုပ်နဲ့၊ ပဲကြီးဟင်းကတော့ တို့ငယ်ငယ်တုန်းကလည်း ပေါတာကွ"

"အေးကွ၊ မုန့်ဖက်ထုပ်ကို ကျောင်းလက်ရန်းမှာ ရုပ်စုံခင်းထားတဲ့ အရုပ်တွေရဲ့ ပါးစပ်ထဲ ထည့်ထားတာ အရုပ်တွေပါးစပ်မှာ မုန့်ချည်းပဲ"

ကိုဆေးရိုးက ကျောင်းသားဘဝကို လွမ်းဆွတ်တသသံကြီးဖြင့် ပြောလိုက်မိသည်။ ထမင်းအိုးအောက်မှ ဖြာထွက်လာသော မီးညွန့်၏ အရောင်အောက်တွင် ကိုဆေးရိုးမှာ မှောင်ထဲသို့ ငေးကြည့်နေသည်ကို တွေ့ရ၏။

"ပဲကြီးဟင်းကတော့ကောကွာ တစ်ကျောင်းလုံး ပဲကြီးဟင်းချည်းပဲ။ ဟိုကျောင်းသားကလည်း ဘတ်ခနဲ၊ ဒီကျောင်းသားကလည်း ဘတ်ခနဲ"

ပဲကြီးဟင်းကို ကျောင်းအနီးရှိ ဆူးပုပ်ရွက်နှင့် အခြားဟင်းရွက်များ ခူးထည့်ရောနှောပြီး အိုးကြီးအိုးငယ်ဖြင့် အရည်သောက်ချက်ကြရသည်။ ဟင်းချိုချက်ပြီးသည့်နောက် ကျောင်းသားလေးငါးဆယ် စား၍ မကုန်သော ပဲကြီးဟင်းခြောက်ခြောက်ချက် (ဆီပြန်)ကို ဆရာတော် မမြင်နိုင်သော ချုံများဘက်သို့ လက်ရန်းကို ကျော်ကျော်ပြီး လွှင့်ပစ်ကြသဖြင့် ပဲကြီးဟင်းမှာ လက်ရန်းကျော်ဟူ၍ အမည်ပေးခြင်းခံရလေသည်။

ကိုဆေးရိုးနှင့် ကိုပိတ်စတို့သည် မုန့်ဖက်ထုပ်နှင့် လက်ရန်းကျော် အကြောင်းပြောရာက လယ်မြေဝေခြမ်းရေး၊ တရုတ်ဖြူနှင့် အမေရိကန်တို့၏ ဖက်စပ်ကျူးကျော်မှု၊ ဘုန်းကြီးမရှိသော လေးထပ်ကျောင်း၊ ကြက်သွန်ပေါ်ခါနီးမှ ကြက်သွန်စျေးကျသည့်အကြောင်းများ စသည်ဖြင့် မိမိတို့နှင့် သက်ဆိုင်ရာ ပြဿနာများကို ကရွတ်ကင်းလျှောက် ပြောဆိုဆွေးနွေးနေကြသည်။ သည်အထိကား ကိုပိတ်စမှာ မည်သို့မျှ ဖောက်ပြန်ခြင်းမရှိပေ။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Compound Noun (ပေါင်းစပ်နာမ်)

ပေါင်းစပ်နာမ်ဆိုသည်မှာ လူ၊ တိရစ္ဆာန်၊ နေရာ၊ အရာဝတ္ထု (သို့မဟုတ်) စိတ်ကူးစသည်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် နာမ်တစ်လုံးကို အခြားနာမ်(သို့မဟုတ်) နာမဝိသေသန တစ်လုံးဖြင့် ပေါင်းစပ်ရေးသားထားသောနာမ် အမျိုးအစားတစ်ခုဖြစ်သည်။




### Types of compound nouns (ပေါင်းစပ်နာမ်အမျိုးအစားများ)

ပေါင်းစပ်နာမ်အမျိုးအစား သုံးမျိုးရှိသည်။ ၎င်းတို့မှာ-

(၁) Open compound nouns
(စကားလုံးနှစ်လုံးဖြင့်ဖော်ပြထားသော ပေါင်းစပ်နာမ်)
(၂) Closed compound nouns
(စကားလုံးတစ်လုံးတည်းဖြင့် ဖော်ပြထားသော ပေါင်းစပ်နာမ်)
(၃) Hyphenated compound nouns
[(-) Hypen ခံပြီးရေးသော ပေါင်းစပ်နာမ်]ဟူ၍ ဖြစ်သည်။

### (၁) Open compound nouns (စကားလုံးနှစ်လုံးဖြင့် ဖော်ပြထားသော ပေါင်းစပ်နာမ်)

Open compound nouns ဆိုသည်မှာ အဓိပ္ပာယ်ရှိသော စကားလုံးတစ်လုံးစီကို အခြားအဓိပ္ပာယ်တစ်ခုထွက်ပေါ်စေရန် ပေါင်းစပ်ထားသော နာမ်ဖြစ်သည်။

ဥပမာ။

| | |
|---|---|
| High school | Dining room |
| Living room | Tea cup |
| Roller coaster | Dinner plate |
| Peanut butter | Serving spoon |
| First aid | Dance hall |
| Web page | Seat belt |
| Hot dog | Coffee grain |
| Voice mail | Cell phone |
| Table cloth | High school |
| Fire drill | Common sense |
| Ice cream | Disc drive |
| Full moon | |

### (၂) Closed compound nouns (စကားလုံးတစ်လုံးတည်းဖြင့် ဖော်ပြထားသော ပေါင်းစပ်နာမ်)

Closed compound nouns ဆိုသည်မှာ အဓိပ္ပာယ်ရှိသော စကားလုံးနှစ်လုံးကို အခြားအဓိပ္ပာယ်ရှိသည့် စကားလုံးတစ်လုံးဖြစ်ပေါ်လာစေရန် စကားလုံးတစ်လုံးတည်းဖြင့် ဖော်ပြထားသည့် နာမ်ကို ဆိုလိုခြင်းဖြစ်သည်။

ဥပမာ။

| | |
|---|---|
| Playground | Runway |
| Footprint | Showoff |
| Fishbowl | Bookstore |
| Grasshopper | Sailboat |
| Bookmark | Snowman |
| Keyhole | Birthday |
| Popcorn | Wildcat |
| Basketball | Football |
| Notepad | Peanut |
| Skateboard | Afternoon |
| Eyeball | Anytime |
| Freelance | Southeast |
| Hamburger | Windfall |
| Lipstick | Baseball |
| Moonlight | Worldwide |

### (၃) Hyphenated compound nouns [(-) Hypen ခံပြီးရေးသော ပေါင်းစပ်နမ်)]

Hyphenated compound nouns ဆိုသည်မှာ အဓိပ္ပာယ်ရှိသော စကားလုံးနှစ်လုံးကို အခြားအဓိပ္ပာယ်ရှိသော စကားလုံးတစ်လုံး ထွက်ပေါ်လာစေရန်၎င်းနာမ်နှစ်ခုအကြားတွင် (-)Hypen ခံပြီး ပေါင်းစပ်ရေးသားထားသောနာမ်ကို ဆိုလိုခြင်းဖြစ်သည်။

ဥပမာ။

| | |
|---|---|
| High-speed | Runner-up |
| Empty-handed | Follow-up |
| Mass-production | Father-in-law |
| High-tech | King-size |
| Deep-fried | One-sided |
| Left-handed | Tip-off |
| In-depth | Self-concept |
| Full-length | Self-service |
| Part-time | Well-to-do |
| Time-saving | Single-minded |
| North-east | On-site |
| Long-haired | Off-site |




### ပေါင်းစပ်နာမ်များပြုလုပ်ပုံကို ဆက်လက်လေ့လာပါ။

ပေါင်းစပ်နာမ်များ ပြုလုပ်ရာတွင် အောက်ပါပုံစံများကို အသုံးပြုနိုင်သည်။

**(1) Noun + Noun**

e.g. (a) **bus stop**
Is this the **bus stop** for the number 32 bus?
e.g. (b) **fire-fly**
In the tropics you can see **fire-flies** at night.
e.g. (c) **football**
Shall we play **football** today?

**(2) Adjective + Noun**

e.g. (a) **full moon**
I always feel crazy at **full moon**.
e.g. (b) **blackboard**
Clean the **blackboard** please.
e.g. (c) **software**
I can't install this **software** on my PC.

**(3) Noun + Adjective**

e.g. (a) **town square**
The **town square** turns into a market once a week.

**(4) Noun + Verb**

e.g. (a) **sunrise**
I like to get up at **sunrise**.
e.g. (b) **haircut**
You need a **haircut**.
e.g. (c) **train-spotting**
His hobby is **train-spotting**.

**(5) Verb + Noun**

e.g. (a) **breakfast**
We always eat **breakfast** at 7 am.
e.g. (b) **washing machine**
Put the clothes in the red **washing machine**.
e.g. (c) **swimming pool**
What a beautiful **swimming pool**!

**(6) Verb + Preposition**

e.g. **check-out**
Please remember that **check-out** is at 12 noon.

**(7) Noun + Prepositional phrase**

e.g. **Mother-in-law**
My **mother-in-law** lives with us.

**(8) Preposition + Noun**

e.g. **underworld**
Do you think the police accept money from the **underworld**?

**(9) Noun + Adjective**

e.g. **truckful**
We need 10 **truckfuls** of bricks.

**(10) Adjective + Verb**

e.g. (a) **public speaking**
**Public speaking** does not come easily to most people.
e.g. (b) **dry cleaning**
My **dry cleaning** should be ready this afternoon.

## ပေါင်းစပ်နာမ်များနှင့် အသံထွက်နည်းလမ်းမှန်

ပေါင်းစပ်နာမ်များကို အသံထွက်ရွတ်ဆိုရာတွင် ရှေ့ဆုံးစကားလုံးကို အသံဖိဆိုရသည်။ ပုံမှန်အားဖြင့် Adjective တို့ Noun တို့ကို အသံဖိဆိုရသော်လည်း ပေါင်းစပ်နာမ်များတွင် ရှေ့စာလုံးကိုသာ အသံဖိဆိုရသည်။ ဥပမာ။ pink ball ဆိုပါစို့။ ပန်းရောင်ဘောလုံး ရှေ့စကားလုံးရော နောက်စကားလုံးကိုပါ အသံဖိဆိုရသည်။ golf ball ဆိုရင်တော့ ပေါင်းစပ်နာမ်ဖြစ်တဲ့အတွက် ရှေ့စာလုံးဖြစ်တဲ့ golf ကိုသာ အသံဖိဆိုပေးရသည်။

အသံဖိဆိုခြင်းသည် ပေါင်းစပ်နာမ်ကို အသုံးပြုရာတွင် အလွန်အရေးကြီးသည်။ ဥပမာ။ a GREEN HOUSE ဆိုရင် အစိမ်းရောင်သုတ်ထားသည့်အိမ်လို့ အဓိပ္ပာယ်ရပြီး a GREENhouse ဆိုရင်တော့ သစ်ပင်ပန်းပင်များစိုက်ပျိုးသည့် ဖန်လုံအိမ်ဟု အဓိပ္ပာယ်ရသည်။ ဒါကြောင့် GREENhouse မှာ ရှေ့စာလုံးဖြစ်သည့် GREEN ကို အသံဖိဆိုပေးရသည်။

## ရေးနည်းမျိုးစုံတဲ့ ပေါင်းစပ်နာမ်

ပေါင်းစပ်နာမ်ကို ရေးသားရာတွင် စကားလုံးတစ်လုံးတည်းနှင့်ဖြစ်စေ၊ နှစ်လုံးဖြစ်စေ၊ Hypen (-)ခံပြီးဖြစ်စေ အမျိုးမျိုးရေးသားကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ဥပမာ။ **container ship**
**container-ship**
**containership** ဆိုပြီး ပေါင်းစပ်နာမ်တစ်မျိုးတည်းကိုပင် ပုံစံသုံးမျိုးစလုံးဖြင့် ရေးသားသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ပေါင်းစပ်နာမ်တစ်လုံးကို ရေးသားမည်ဆိုပါက သဒ္ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီဖြစ်စေရန် အဘိဓာန်စာအုပ်ကောင်းတစ်အုပ်ကို ကိုးကားသင့်ပါသည်။

## ပေါင်းစပ်နာမ်များကို အများကိန်းပုံစံ ပြောင်းရေးနည်း

ပေါင်းစပ်နာမ်များကို အများကိန်းပုံစံပြောင်းလဲရေးသားပါက မူလစကားလုံး(သိသာထင်ရှားသောစကားလုံး)ကိုသာ "s" ပေါင်းထည့်ပေးရသည်။

ဥပမာ။

| Singular | Plural |
|---|---|
| A tennis shoe | three tennis **shoes** |
| One assistant headmaster | five assistant **headmasters** |
| The sergeant major | some **sergeants** major |
| A mother-in-law | two **mothers**-in-law |
| An assistant secretary of state | three assistant **secretaries** of state |

စာမျက်နှာ ၂၁ သို့ »»

»»» **စာမျက်နှာ ၂၀ မှ**

| | |
|---|---|
| My toothbrush | our **toothbrushes** |
| A woman–doctor | four **women**–doctors |
| A doctor of philosophy | two **doctors** of philosophy |
| A passerby | two **passers**by |
| A passer–by | two **passers**–by |

မှတ်ရန်။ spoonful (သို့မဟုတ်) truckful စကားလုံးတွင် ယခင်က spoonsful, trucksful ဆိုပြီး အများကိန်းပုံစံရေးသည်ကို တွေ့ရှိရသည်။ သို့သော် ယခု Modern English တွင်မူ spoonfuls (သို့မဟုတ်) truckfuls ပုံစံဖြင့် အများကိန်းပြောင်းရေးလာသည်ကို လေ့လာတွေ့ရှိရသည်။

ဥပမာများကို လေ့လာပါ။

| **Old style plural (very formal)** | **new style plural** |
|---|---|
| three teaspoonsful of sugar | threeteaspoonfuls of sugar |
| five trucksful of sand | five truckfuls of sand |
| two bucketsful of water | two bucketfuls of water |
| four cupsful of rice | four cupfuls of rice |

**နောက်ထပ်ရေးသားနည်းတစ်မျိုးကို ဆက်လက်လေ့လာပါ။**

Noun + Noun ပုံစံဖြင့် ပြုလုပ်ထားသည့် ပေါင်းစပ်နာမ်များတွင် အရှေ့ဆုံး Noun သည် နာမဝိသေသနအလုပ်ကို လုပ်ဆောင်ပြီး ၎င်းအနောက်က Noun ကို အထူးပြုပေးသည့်အတွက် အများကိန်းပုံစံရေးသားရာတွင် နောက်ဆုံးမှာရှိတဲ့ Noun ကိုသာ "s" ပေါင်းထည့်ပေးရသည်။

ဥပမာ။ apple tree ဆိုတာ ပန်းသီးတွေရှိတဲ့ သစ်ပင် (ပန်းသီးပင်) Noun + Noun ပုံစံဖြစ်ပါတယ်။ ရှေ့မှာရှိတဲ့ apple (Noun) က နာမဝိသေသနအဖြစ်လုပ်ဆောင်ပြီး အနောက်မှာရှိတဲ့ tree (Noun) ကို အထူးပြုပေးပါတယ်။ ဒါကြောင့် အများကိန်းပုံစံရေးတဲ့အခါမှာ tree ကို "s"ပေါင်းထည့်ပေးရမှာဖြစ်ပါတယ်။

An apple tree– two apple trees ဆိုပြီးဖြစ်သွားပါတယ်။

နောက်ထပ်ဥပမာတစ်ခုဆက်လေ့လာပါ။

ဥပမာ။ tooth brush ကို အများကိန်းပုံစံရေးတဲ့အခါ teethbrush ဆိုပြီး ရေးလို့မရပါ။

အရှေ့ကနာမ်ဖြစ်တဲ့ tooth က နာမဝိသေသနအလုပ်ကိုလုပ်တဲ့အတွက် အများကိန်းပုံစံရေးတဲ့အခါ အနောက်က brush ကို "s" ပေါင်းထည့်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် one toothbrush– two toothbrushes ဆိုပြီးဖြစ်သွားပါတယ်။

အချို့ရှည်လျားတဲ့အများကိန်းပုံစံများကို ပေါင်းစပ်နာမ်အများကိန်းပုံစံများအဖြစ်ရေးသားနိုင်သည်။

ဥပမာ။

| **long plural form becomes** | – | **plural compound noun** (Noun + Noun) |
|---|---|---|
| 100 trees with apples | – | 100 apple trees |
| 1,000 cables for telephones | – | 1,000 telephone cables |
| 20 boxes for tools | – | 20 tool boxes |
| 10 stops for buses | – | 10 bus stops |
| 4,000 wheels for cars | – | 4,000 car wheels |

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

(A)အောက်ပါပေါင်းစပ်နာမ်များကို ကြည့်ပြီး Open compound noun (or) Close compound Noun (or) Hyphenated compound noun ဖြစ်သလဲဆိုသည်ကို ခွဲခြားပြပါ။

**e.g. apple tree** — **Open compound noun**

1. bathroom __________ 7. eyeball ________________
2. bus stop ____________ 8. football ______________
3. birds–of–prey _______ 9. seafood ______________
4. catfish _____________ 10. upstairs _____________
5. database ___________ 11. underwear _____________
6. daughter–in–law ____ 12. housekeeper ___________

**(B) ဝါကျတစ်ကြောင်းစီတွင်ပါရှိသည့် compound noun (ပေါင်းစပ်နာမ်များ) ကို မျဉ်းတားပါ။**

1. We put the books on the big yellow bookshelf.
2. Ma Lay picks up seashells on the beach.
3. The popcorn is popping and smells good.
4. I write about school in my notebook.
5. My dad loves to watch soccer and baseball.
6. The cowboy was riding a horse.
7. It is very important to always eat breakfast.
8. We had ham and pineapple on our pizza.
9. It there anything I can help you with?
10. My little sister plays in the sandbox a lot.

**(C) ပေးထားသောစကားလုံးနှစ်လုံးကို အဓိပ္ပါယ်ရှိသော ပေါင်းစပ်နာမ်ပုံစံပြောင်းရေးပါ။**

1. gold + fish = __________ 6. hot + dog = __________
2. milk + shake = ________ 7. sun + shine = _________
3. bed + room = _________ 8. ball + snow = _________
4. straw + berry = ________ 9. cloth + table = ________
5. hot + dog = __________ 10. shade + lamp = _______

**(D) အောက်ပါပေါင်းစပ်နာမ်များကို မူလစကားလုံးများအဖြစ် ပြန်လည်ခွဲခြားပြပါ။**

1. basketball = __________ + __________
2. doghouse = __________ + __________
3. raindrop = __________ + __________
4. cupcake = __________ + __________
5. paintbrush = __________ + __________
6. popcorn = __________ + __________
7. notebook = __________ + __________
8. sunlight = __________ + __________
9. butterfly = __________ + __________
10. database = __________ + __________

**(E) အောက်ပါပေးထားသောပေါင်းစပ်နာမ်များကို မည်သို့ဖွဲ့စည်းရေးသားထားသလဲဆိုသည်ကို ရွေးချယ်ပြပါ။**

**Noun + Noun**
**Adjective + Noun**
**Verb + Noun**
**Preposition + Noun**
**Noun + Verb**
**Noun + Preposition**
**Adjective + Verb**
**Preposition + Verb**

1.Overuse ______________
2.Black board ______________
3.Headphones ______________
4.Haircut ______________
5.Upstairs ______________
6.Hanger on ______________
7.Public speaking ______________
8.Washing machine ______________

**(F) ပေးထားသောစကားလုံးများကို အသုံးပြုပြီး ပေါင်းစပ်နာမ်များရေးပြပါ။**

စကားလုံးတစ်လုံးတည်းပေါင်းစပ်နာမ်

| | |
|---|---|
| 1.fire | (a) house |
| 2.green | (b) ball |
| 3.hair | (c) sheet |
| 4.grass | (d) paste |
| 5.under | (e) food |
| 6.sea | (f) fly |
| 7.note | (g) clothes |
| 8.tooth | (h) hopper |
| 9.work | (i) book |
| 10.foot | (j) cut |

1.__________ 6.__________
2.__________ 7.__________
3.__________ 8.__________
4.__________ 9.__________
5.__________ 10.__________

(–) Hyphen ပါသော ပေါင်းစပ်နာမ်

| | |
|---|---|
| 1. mother | (a) rise |
| 2. upside | (b) confident |
| 3. matter | (c) in–law |
| 4. high | (d) cut |
| 5. self | (e) up |
| 6. close | (f) by |
| 7. passer | (g) spoken |
| 8. soft | (h) of–fact |
| 9. worn | (i) up |
| 10. runner | (j) down |

1. __________ 6. __________
2.__________ 7. __________
3.__________ 8. __________
4.__________ 9. __________
5.__________ 10. __________

စကားလုံးနှစ်လုံးပေါင်းစပ်နာမ်

| | |
|---|---|
| 1.school | (a) shop |
| 2.waiting | (b) president |
| 3.shoe | (c) handed |
| 4.fish | (d) year |
| 5.full | (e) moon |
| 6.vice | (f) tank |
| 7.left | (g) estate |
| 8.living | (h) room |
| 9.water | (i) room |
| 10.real | (j) tank |

1.__________ 6.__________
2.__________ 7.__________
3.__________ 8.__________
4.__________ 9.__________
5.__________ 10.__________

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉–၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၆၂၆)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)၊ ဧရိယာ (၀.၀၅၅၈ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၂၆)၊ ယသုဝတီလမ်း၊ (၁၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်မိုးမိုးရည် [၁၂/ဒဂရ(နိုင်)၀၁၉၀၀၂] အမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

**ဒေါ်အိသီရိကြူ**
**LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**ဖုန်း– ၀၉–၄၃၁၆၃၄၀၅**

**ဒေါ်ဝတ်ရည်ထွန်း**
**LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၉၈)**
**ဖုန်း– ၀၉–၅၃၀၂၃၂၈**

**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မင်္ဂလာသုခလမ်း၊ မြေကွက်အမှတ်(၁၁၈၈) ဟုခေါ်တွင်သော (အလျား ၄၄ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိ ဦးရန်နောင်စိုး (SCG–၀၁၇၇၄၅) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း၊ မြေကွက်အမှတ်(၁၁၈၇)နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား ၂၄ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မြဝင်း [၅/ဝသန(နိုင်)၀၀၉၂၄၃]မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၇၄၇)**
**Ph–09– 954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO (Switzerland)**
**Ph: 09– 420080932, 09– 977402677**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၃၅ ဆူ | ၄၈၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ဒေါ်စိုးရီ
## မိုးကုတ်ယောဂီ
## အသက် (၉၁)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်-ဒေါ်ကြိုင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တိုက်(၂၃)၊ အခန်း(၂၁)၊ ဦးဝိစာရရိပ်သာနေ (ဦးဇော်ဝင်း)၏ ဇနီး၊ (ဦးထွန်းမင်း)-ဒေါ်ညို ညို့ဝင်း၊ ဦးခင်ဇော်-ဒေါ်နီနီဝေ၊ ဦးခိုင်ဇော်၊ ဦးအောင်ဇော်-ဒေါ်နီလာသိန်း၊ ဗိုလ်မှူးချုပ်အန့်ဇော်(ငြိမ်း)-ဒေါ်ကေသွယ်မျိုးတင့်၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်သူဇာ ဝင်း၊ ဦးအေးကျော်ကျော်-ဒေါ်နန်းတင်တင်အောင်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ ကိုမျိုးဇော်ဇော်-မခိုင်ရွှေဇင်၊ ကိုဖြိုးဇော်ဇော်-မအိအိကျော်၊ မကေခိုင် ဇော်၊ မယမင်းအန့်ဇော်၊ မမေခအန့်ဇော်၊ မောင်မင်းသန့်အောင်၊ မောင်ညီသန့် အောင်၊ မောင်ဟိန်းထက်ကျော်၊ မရည်မွန်အန့်ဇော်၊ မဟေလာရီကျော်တို့၏ အဘွား၊ မြစ် လေးယောက်တို့၏ဘွားဘွားကြီးကြီး ဒေါ်စိုးရီသည် ၂၀-၅-၂၀၂၂ (သောကြာနေ့) နံနက် ၁၁:၂၀ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် ၂၂-၅-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား လေးစားစွာ အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

# ဦးရှိန်တင် (မော်လမြိုင်မြို့)
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ အမှတ်(၅၄၆)၊ ပထမထပ်(ဘီ)နေ (ဦးဝှမ်ဘန်လိပ်-ဒေါ်ကျင်ထွေး)တို့၏သား၊ (ဦးကြောင်လင်း-ဒေါ်ရင်ဟူ)တို့၏ သားသမက်၊ (ဒေါ်လှရီ-ဦးကြောင်ဝမ်)၊ ဦးဟန်တင်-ဒေါ်ကျင်မေ၊ (ဒေါ်မြကျင်-ဦးနေဖိ)၊ (ဒေါ်စိန်ကြင်-ဦးဟန်စိန်)၊ (ဒေါ်သန်းကြင်-ဦးအောင်တင်)တို့၏ ညီ/မောင်၊ ဦးကိုကိုအောင်-ဒေါ်ရင်ရင်ငွေး၊ တယ်ရမူရဟိဆမိ၊ ဒေါ်ကြွယ်ကြွယ်လှိုင် (ကိုဘေဂျပန်)၊ ဒေါ်မို့မို့လှိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မေသင်းခိုင်၊ မေသက်ခိုင်တို့၏အဘိုး၊ တူ/တူမ ၂၂ ယောက်တို့၏ ချစ်လှစွာသောဦးလေး၊ (ဒေါ်ငွေလှိုင်)၏ခင်ပွန်းသည် ၁၉-၅-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၆:၃၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါ သဖြင့် ၂၁-၅-၂၀၂၂ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ သည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# လွမ်းမပြေပါနိုင်၊ ဆယ့်တစ်နှစ်တိုင်
## ဦးခင် (B.Sc, Engg)
### အင်ဂျင်နီယာညွှန်ကြားရေးမှူး(ငြိမ်း)
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### ၂၁-၅-၂၀၁၁ - ၂၁-၅-၂၀၂၂

အဖေကြီးရေ

ချစ်တဲ့မိသားစုကိုခွဲခွာသွားခဲ့တာဆယ့်တစ်နှစ်ပြည့်ခဲ့ပြီနော်၊ အဖေကြီးရဲ့ ကြီးမားလှတဲ့ကျေးဇူး တရားများကို အစဉ်သတိရအောက်မေ့လျက် အဖေကြီးရဲ့အေးမြလှတဲ့ မေတ္တာရိပ်အောက်မှာ ခိုလှုံ နေဆဲပါ။

နေ့စဉ်၊ ညစဉ် တမ်းတလျက် သတိရလွမ်းဆွတ်နေဆဲပါ အဖေကြီးရေ သက်ဆုံးတိုင် လွမ်းလို့ မပြေနိုင်ပါ။

အဖေကြီးကိုရည်စူး၍ နေ့စဉ်၊ လစဉ် ပြုသမျှသောကောင်းမှုကုသိုလ်တွေကို အမျှပေးဝေလိုက် ပါတယ်၊ ရောက်ရှိရာဘုံဘဝမှ ကြားသိ သာဓုခေါ်ဆိုနိုင်ပါစေ။

အဖေကြီးရေ အမျှ-အမျှ-အမျှ

**ချစ်ဇနီး- ဒေါ်ခင်ခင်ထွေး**
**ချစ်ညီ၊ ညီမများ၊ ချစ်သား၊ သမီးများနှင့် ချစ်မြေးများ**




---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လေးမူ
## အသက်(၅၅)နှစ်

ဗိုလ်မှူးချုပ်မောင်မောင်လင်း (တပ်မတော်-လေ-ငြိမ်း)၊ သံအမတ်ကြီး(နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်လေးမူ အသက်(၅၅)နှစ်သည် ၁၈-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာကျော်ငွေးလွင်- ဒေါ်ဝင်းဝါတင်စိန်**
**မိသားစု**

---

# ဖြည့်စွက်ဖတ်ရှုပါရန်

၂၀-၅-၂၀၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၂၅ ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဇင်ဇင်ဖြိုး၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာတွင် အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းတည်နေရာကို ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း(၅၀)၊ ဒုတိယထပ်(၃-လွှာ)၊ အမှတ် (၁၅၈)ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

---

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၆၂၇)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၂၇)၊ ယသဝတီလမ်း၊ (၁၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဒေါ်ခင်ခင်စီ [၁၂/ပဇတ(နိုင်)၀၀၉၅၀၄] (စီအိုင်-၀၀၅၀၇၀) အမည်ပေါက်ပါ သည်။ ယင်းအမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားကြောင်း အဆိုပြုသူ ဒေါ်မိုးမိုးအေး [၁၂/မရက(နိုင်)၀၀၅၀၃၅] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံ သို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိသီရိကြူ** | **ဒေါ်ဝတ်ရည်ထွန်း** |
| **LL.B, M.A (Business Law)** | **LL.B, LL.M** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၉၈)** |
| **ဖုန်း ၀၉-၄၃၁၆၃၄၀၅** | **ဖုန်း ၀၉-၅၃၀၂၃၂၈** |

**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

---

# အများသိစေရန်ကြေညာခြင်း

ဦးထွန်းထွန်းလင်း (ဘ) ဦးမြင့်ဆွေ [၁၂/လမန(နိုင်)၀၃၁၆၃၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄၇)၊ (၁၉)ရပ်ကွက်၊ သရဖီ(၂)လမ်း၊ မြေကွက်အမှတ်(၁၀၀၁/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိဦးတင်မောင်ဝင်း အမည်ပေါက် စလစ်မြေကို ဦးထွန်းထွန်းလင်းမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် (၁၉၉၈)ခုနှစ် ကတည်းက ပိုင်ဆိုင်ဝယ်ယူလက်ရောက်ရယူထားပြီး ယနေ့ထက်တိုင် လက်ဝယ်ပိုင်ဆိုင် ထားပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းလင်း တစ်ဦးတည်းသာ တရားဝင်လက်ဝယ် ပိုင်ဆိုင်ထားရှိပြီး မည်သူတစ်ဦးတစ်ယောက်မျှ ပူးတွဲ ပိုင်ဆိုင်ခြင်းမရှိကြောင်းနှင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဦးထွန်းထွန်းလင်း၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်၊ ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချ၊ ပေါင်နှံ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းနှင့် အခြားတစ်နည်းနည်းတို့ဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်လာပါက ပြုလုပ်သူအပါအဝင် ပါဝင်ကူညီသူများကိုပါ ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထွန်းထွန်းလင်း** | **ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)** |
| **[၁၂/လမန(နိုင်)၀၃၁၆၃၃]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၃၃)** |
| | **ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)** |
| | **အထက်တန်းရှေ့နေ(စဉ်-၄၈၄၃၀)** |
| | **အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀၊** |
| | **၀၉-၇၇၇၂၉၁၇၇၅** |

---

## ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁ ကေ^၁)၊ မြေကွက်အမှတ် (V-၁၀၅)၊ အဆောက်အအုံအမှတ်(၁၃)၊ မဟာဗေယျလမ်း၊ ၇/ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ဟု ခေါ်တွင်သော မြေရှင် ဒေါ်မြင့်မြင့်သိန်း [၁၂/ပဇတ(နိုင်)၀၁၀၃၀၂]နှင့် ဒေါ်ညိမ်းရင်တို့ အမည်ပေါက်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အဦ၏ ပထမထပ်၊ ခြေရင်းခန်း(ယာ)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍
## အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းရီ(ခ)ဒေါ်ခင်သက်လွင်၊ နိုင်ငံသားအမှတ်- CE-၀၅၄၇၆၆၊ [၁၂/ကတတ(နိုင်) ၀၂၀၄၂၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းရီ(ခ)ဒေါ်ခင်သက်လွင်ထံ အထက်ရည်ညွှန်း လိပ်စာပါ တိုက်ခန်းအား ဦးလှညွှန့် နိုင်ငံသားအမှတ်-[၁၂/ပဇတ(နိုင်)၀၂၆၁၈၂] ကိုင်ဆောင်သူမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် နေထိုင်လာသော တိုက်ခန်းဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအမွေစား အမွေခံ အပေါင်အနှံမှစ၍ အာမခံအဖြစ် တင်သွင်းထားခြင်းတို့မရှိကြောင်း၊ အရှုပ်အရှင်း ကင်းကြောင်း၊ ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်းစာရွက်စာရွက်စာတမ်းအထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းရီ (ခ) ဒေါ်ခင်သက်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**
**အမှတ်-၁၀၁၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-778434507, 09-772766716**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်မီမီဆွေ
## အသက် (၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်ထက်ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၃၄၆)နေ (ဦးဆန်းမြင့်ဆွေ-ဒေါ်အေးအေးမြင့်)တို့၏သမီး၊ ဦးဝမ်ရှိန်း-ဒေါ်မြင့်စန်းတို့၏ သမီးချွေးမ၊ [ဦးနေလင်းရှိန်း(ခ)မော်စီ]၏ဇနီး၊ မောင်သက်ဆွေရှိန်းပိုင်၊ မောင်ထက်ဆွေရှိန်းတို့၏ ချစ်လှစွာသောမိခင်၊ ဦးသက်ထွန်းဦး-ဒေါ်ခိုင်ခိုင်ဆွေတို့၏ညီမ၊ ဦးရဲမင်းစိုး-ဒေါ်နုနုဆွေ၊ ဦးဇေယျာမျိုး-ဒေါ်ကြည်ကြည်ဆွေ(ခ)ချောစုတို့၏ ချစ်လှစွာသောအစ်မ၊ မောင်ခန့်ဝေယံ၊ မောင်အံ့ထူးဇေယျာ၊ မောင်ဘုန်းပြည့်ဇော်၊ မအိမ့်ချိုးဇေယျာ တို့၏ ချစ်လှစွာသောအဒေါ်သည် ၁၉-၅-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၆:၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၂ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ ခနောင် ရှမ်းစုကျေးရွာ၊ ကွင်းအမှတ်(၂၂၁/ဘီ)၊ ဧရိယာ(၀.၀၄)ဧကရှိ ဒေါ်တုံးယေ့ အမည်ပေါက်ပြီး တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူလိုက်သည့်အတွက် အရောင်း အဝယ် တန်ဖိုးငွေများအားလုံးကို အပြည့်အဝ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ တရားဝင် အမည်ပေါက်ပိုင်ဆိုင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ပိုင်ကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)**
**အမှတ်(၂၁၄/က)၊ နှင်းဆီမြိုင်(၃)လမ်း၊ ၁၇-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၄၆၀၈၅၉၄**

---

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဦးစံညိမ်းလမ်း၊ အမှတ်(၁၇)၊ ၇-လွှာ(အပေါ်ဆုံးထပ်)ကို ဒေါ်ငုဝါလှိုင် [၁၂/စခန(နိုင်)၀၅၉၆၃၁] က အရပ်စာချုပ်အဆက်အစပ်ဖြင့် ၎င်းတရားဝင်ဝယ်ယူလက်ရှိ နေထိုင်ပိုင်ဆိုင် ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးအောင်ဟိန်း [၁၂/တမန(နိုင်)၀၉၉၄၂၄]နှင့် ဒေါ်အေးအေးငြိမ်း [၁၂/ဒဂန(နိုင်) ၀၃၄၁၆၅]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ၎င်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးဝေထွန်း (LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၀၉၄၇**
**ရုံး-အမှတ်(B-5)၊ အခန်း(၄၀၁)၊ ဗိုလ်ဗထူးအိမ်ရာ၊ ဗိုလ်မှူးဗထူးလမ်း၊**
**(၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၈၅၀၄၆၇၅၄၊ ၀၉- ၅၀၄၆၇၅၄**

---

# ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ စွယ်တော်ရိပ်(၄)လမ်း၊ မြေကွက်အမှတ်(၃၃၈)၊ အကျယ်အဝန်း (၄၀'x၆၀') အကျယ်ရှိ ဦးအေးကြူ အမည်ပေါက်သည့် မြေချပါမစ်မြေကွက်အထဲမှ အိမ်ကိုမျက်နှာမူပါက (ဝဲဘက်အခြမ်း) (၂၀'x၆၀')အကျယ်ရှိ မြေကွက်အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းလဲ့လဲ့နိုင် [၇/အတန(နိုင်)၀၇၉၀၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နီလာ(LL.B,D.B.L,D.I.L,D.I.R,C.B.D.S(MOFA)** | **ဒေါ်ဝင်းပပအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၁၂၆)** |

**အမှတ်-၁၀၁၉/ခ၊ ဒုတိယထပ်၊ သုမင်္ဂလာလမ်းမကြီး၊ (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၀၄၄၀၇၁၀၊ ၀၉-၇၈၅၅၅၅၀၃၀**

---

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ (၀.၁၅၄ )ဧကရှိ ဒေါ်ကေစီငွေ [၉/မမန(နိုင်)၀၃၈၂၀၅]၊ အဖအမည် ဦးငွေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ်(ပ-၂၃၀၈၁)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၅၉/၂၀၂၂ (၅-၄-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ဆွေဦး [၁၂/မရက(နိုင်)၀၈၀၇၅၈] အဖအမည် ဦးကျော်ဆွေမှ ဒေါ်ခိုင်ဟေမာမြင့် [၁၂/မရက(နိုင်)၁၁၃၄၂၉]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**အား က စား မြင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းမှ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိ



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရွှေတံဆိပ်ဆုရ ဗိုဗီနမ်အားကစားသမားများအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ဗီယက်နမ် မေ ၂၀**

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပသည်။

**ရှစ်ခုမြောက် ရွှေတံဆိပ်ဆု**

ယနေ့ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Soc Son အားကစားရုံ၌ ဗိုဗီနမ်အားကစားနည်းမှ Male Multiple Weapon practice: againts 03 other with weapon(လေးယောက်တွဲ)အပြပွဲစဉ်၌ မောင်မနားကွီး၊ မောင်အိုက်စိုးလင်း၊ မောင်ဇင်လင်းထွန်းနှင့် မောင်ဇော်ဇော်တို့က မြန်မာနိုင်ငံအတွက် ရှစ်ခုမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး Female Single Hand practice: Dragon Tiger form(တစ်ကိုယ်တော်လက်သိုင်း) အပြပွဲစဉ်၌ မခိုင်ဝါဖူးက ငွေတံဆိပ်ဆုကို လည်းကောင်း၊ Female Single Weapon practice: Ying Yang sword form (တစ်ကိုယ်တော်ဓားရှည်) အပြပွဲစဉ်၌ မမေဟန်နီနွေအောင်က ငွေတံဆိပ်ဆုကို လည်းကောင်း၊ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂

## မြန်မာအမျိုးသမီးဘောလုံးအသင်း တတိယလုပွဲ ယနေ့ ကစားမည်

**ရန်ကုန် မေ ၂၀**

ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

တတိယနေရာလုပွဲအဖြစ် မေ ၂၁ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် ဖိလစ်ပိုင်၊ ဗိုလ်လုပွဲအဖြစ် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်တိုင်း ဆုတံဆိပ်ရခဲ့သည့် အစဉ်အလာ ဆက်ထိန်းနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး ဖိလစ်ပိုင်အသင်း၏ ခြေစွမ်းပိုင်းတိုးတက်လာမှုကြောင့် မြန်မာအသင်းအနေဖြင့် ၂၀၁၉ ပြိုင်ပွဲထက် ပိုမိုကြိုးစားရဖွယ်ရှိနေသည်။

ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့် ဗီယက်နမ်တို့ ကစားရမည်ဖြစ်ပြီး ဗိုလ်လုပွဲတွင် နောက်ဆုံးငါးကြိမ် ဆက်တိုက် တွေ့ဆုံခြင်းဖြစ်သည်။ **ကိုညီလေး**

## ဆီးဂိမ်း ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရ

**ရန်ကုန် မေ ၂၀**

(၃၁)ကြိမ်မြောက် ဆီးဂိမ်း ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၀ ရက်က ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။

ပေါက်စနှင့် မင်းစည်သူထွန်းတို့ပါဝင်သည့် မြန်မာအသင်းသည် နာမည်ကြီး ဘိလိယက်ကစားသမား ပီတာဂေးလ်ခရစ် ဦးဆောင်သည့် စင်ကာပူအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၃-၁ ပွဲဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအနေဖြင့် အနိုင်ရရန် ပိုမိုရေပန်းစားခဲ့သော်လည်း စင်ကာပူအသင်းက လက်စွမ်းပြပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖


**ယနေ့ ဖတ်စရာ**

ကိုဗစ်-၁၉ ရောဂါ ခံတ်ခွဲ အတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၉ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရှင်သာမဏေနှစ်ပါး ဒဏ်ရာရရှိ

စာမျက်နှာ » ၁၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

စာမျက်နှာ » ၁၅